# မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၂၉)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် ရုပ်တရား၊ နာမ်တရားတို့၏ ရှေ့ဆောင်၊ ကြီးမှူးဖန်တီးသူဖြစ်၏။ အကြင်သူသည် ကောင်းမွန်ကြည်လင်သောစိတ်ဖြင့် ပြောသော်လည်းကောင်း၊ ပြုသော်လည်းကောင်းအရိပ်သည် လူ၏နောက်သို့ကပ်၍ပါသကဲ့သို့ ချမ်းသာခြင်းသည်ထိုသူ၏နောက်သို့ထက်ကြပ်မကွာ ကပ်၍ပါလေ၏။ ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ ခွင့်ကြံခိုက်မှာ မဲပေးစို့။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

## ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီအောင် ဖော်ဆောင်သွားကြရမည်ဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအား ကန်တော်ကြီးဥယျာဉ်ရှင်းလင်းဆောင်ခန်းမ၌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် ဥယျာဉ်တာဝန်ခံကုမ္ပဏီမှအမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးတို့က

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း
သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုအခြေအနေများကို
လိုက်လံကြည့်ရှုစစ်ဆေးစဉ်။


အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် HRB-500 အမျိုးအစား Deformed Bar များကို စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်)

# နိုင်ငံတော်အတွက် နိုင်ငံ့ဝန်ထမ်းကောင်းများ

နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံရေးတွင်တူညီသည့်သဘောထားများဖြစ်စေရန်၊ ရုံးလုပ်ငန်းစည်းမျဉ်း စည်းကမ်းများအား စည်းစနစ်တကျဖြင့် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်ကို စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုတက္ကသိုလ်တွင် ဝန်ကြီးဌာနများအားလုံး၏ ရုံးလုပ်ငန်း စည်းမျဉ်းစည်းကမ်းများ စနစ်တကျဖြစ်စေရေးအတွက်လည်းသင်ကြားပေးလျက်ရှိသည်။ အဓိကအားဖြင့် ဝန်ထမ်းများအား စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေရေးနှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် ဝန်ထမ်းများ၊ နိုင်ငံကိုချစ်မြတ်နိုးသည့်စိတ်ရှိသည့်ဝန်ထမ်းကောင်းများဖြစ်ကြရမည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးကို အထောက်အကူပြုသည့် အခြေခံစစ်ပညာရပ်များကို နိုင်ငံ့ဝန်ထမ်းများအား သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်သည်။ အခြေခံစစ်ပညာရပ်များ ထည့်သွင်းသင်ကြားပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အမိန့်နာခံတတ်မှု၊ စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်မှု၊ အစုအဖွဲ့စနစ်ဖြင့် စုစည်းညီညွတ်သည့် စိတ်ဓာတ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများ ရှိလာမည်ဖြစ်သည်။ ဝန်ထမ်းများအားလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ်လျှောက်ထားခဲ့ကြပြီး ရွေးချယ်ခံခဲ့ကြရသူများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဘဝကို ရရှိပိုင်ဆိုင်ခဲ့ကြသူများဖြစ်သည်။ ရွေးချယ်ခံဝန်ထမ်းများဖြစ်သဖြင့် သာမန်နေ၍ရမည်မဟုတ်ဘဲ အရည်အသွေးရှိသည့် နိုင်ငံ့ဝန်ထမ်းများဖြစ်အောင် ကြိုးစားအားထုတ်၍ မိမိဘဝ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ လူတိုင်းသည် တိုးတက်မှုကိုလိုလားကြပြီး မြင့်မားသည့်ဘဝကို ပိုင်ဆိုင်လိုကြသဖြင့် ကြိုးစားအားထုတ်မှုရှိရန်လိုအပ်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး)နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)တို့မှ နည်းပြအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများအား ဒီဇင်ဘာလ ၁ ရက်နေ့ မွန်းလွဲပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် **"နိုင်ငံတော်၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတို့သည် ခေတ်အဆက်ဆက် ထိန်းသိမ်းကာကွယ်ရမည့်အချက်များဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့်ပတ်သက်၍ လွတ်လပ်ရေးသည် ခက်ခက်ခဲခဲကြိုးပမ်း၍ရယူခဲ့ရသည့် လွတ်လပ်ရေးဖြစ်ကြောင်း၊ နိုင်ငံရေးအရကြည့်မည်ဆိုပါကလည်း မိမိတို့နိုင်ငံအနေဖြင့် ပထဝီအနေအထားအရ အင်အားကြီးနိုင်ငံကြီးနှစ်ခုအကြားတွင်တည်ရှိနေပြီး ရှုပ်ထွေးသည့် နိုင်ငံရေးသမိုင်းကြောင်းနောက်ခံများလည်းရှိကြောင်း၊ အရှေ့နှင့်အနောက်၏မတူညီသည့် သဘောသဘာဝများ၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရတည်ငြိမ်မှုရရှိရန် လိုအပ်နေမှုများကို တည်ငြိမ်မှုရှိအောင် ထိန်းသိမ်းဆောင်ရွက်နိုင်မှုမရှိပါက နိုင်ငံပြိုကွဲမည့်အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းများကို သင်ခန်းစာယူ၍ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီးတည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကိုပုံဖော်တည်ဆောက်ကြရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

သင်တန်းကျောင်းများအနေဖြင့် အရည်အသွေးမြင့်မားသည့် နိုင်ငံ့ဝန်ထမ်းများရရှိစေရေး အချိန်၊ ငွေကြေး အရင်းအနှီးများစွာ ကုန်ကျခံသင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်သည့်အတွက် သင်တန်းသားများအနေဖြင့်လည်း သင်တန်းမှသင်ကြားပေးသည်များကိုတန်ဖိုးထား၍ သင်ယူသွားကြရန်ဖြစ်သည်။ **နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံရေးအရဖြစ်ပေါ်ပြောင်းလဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ကြရမည်ဖြစ်သည်။** လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှုများရှိသည်။ ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်မှုနှင့် နိုင်ငံရေးအရအယူဝါဒကွဲပြားမှုများကြောင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ရမှုများရှိသကဲ့သို့ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းကာလများ၌လည်း လက်နက်ကိုင်ပဋိပက္ခများနှင့် စီးပွားရေးအယူဝါဒကွဲပြားခဲ့မှုများရှိခဲ့သည်။ ဆိုရှယ်လစ်စနစ်၌ စီမံခန့်ခွဲမှုအားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ အရေးအခင်းများဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏အခြေအနေယိမ်းယိုင်လာခဲ့ကာ အချုပ်အခြာအာဏာပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏လုပ်ငန်းများရပ်တန့်ခဲ့ရသည်။ ထို့ကြောင့် တပ်မတော်က ဝင်ရောက်ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ရသည်။ ထိုသို့ တာဝန်ယူဆောင်ရွက်ပြီးချိန်တွင် နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ချိန်၌ ဥပဒေနှင့်အညီဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့ခြင်းမရှိခြင်းကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်မှစ၍ ယခုအချိန်အထိ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း နိုင်ငံရေးအရဖြစ်ပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအရပိတ်ဆို့မှုများ၊ သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့မှုများနှင့် အခက်အခဲ၊ အကျပ်အတည်းများကို နိုင်ငံတော်အစိုးရအနေဖြင့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ၊ တာဝန်သိပြည်သူများ၏ စုစည်းညီညွတ်သည့်အားဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ဆက်လက်ကြိုးစားတာဝန်ထမ်းဆောင်ကြရန် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၂၅**

**ရက်**

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# မြိတ်မြို့ မစိုးရိမ်စာသင်တိုက်၌ အပတ်စဉ် (၂၇)မြောက် ဓမ္မစကူးသင်တန်းဖွင့်လှစ်

**မြိတ် ဒီဇင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် မစိုးရိမ်စာသင်တိုက်ကျောင်း၌ ဒီဇင်ဘာလ ၁ ရက်က အပတ်စဉ်( ၂၇)မြောက် ဓမ္မစကူးသင်တန်းကို ဖွင့်လှစ်သင်ကြားသည်။

ရှေးဦးစွာ သင်တန်းသား၊ သင်တန်းသူများမှ နမောတဿသုံးကြိမ်ရွတ်ဆို၍ သင်တန်းကိုဖွင့်လှစ်ကြပြီး မစိုးရိမ်စာသင်တိုက်ကျောင်းဆရာတော်ထံမှ သြဝါဒများခံယူကြသည်။

ထို့နောက် ဓမ္မစကူးဆရာ၊ ဆရာမများက သင်တန်းသား၊ သင်တန်းသူနှင့် ကျောင်းသား၊ ကျောင်းသူ ၂၈၂ ဦးအား အပတ်စဉ်(၂၇)မြောက်ဓမ္မစကူးစာပေဘာသာရပ်များကို သင်ကြားပို့ချပေးကြသည်။

အဆိုပါဓမ္မစကူးသင်တန်းကို လူငယ်လူရွယ်များ ဗုဒ္ဓ၏ ဓမ္မလမ်းညွှန်ချက်များကို အခြေခံကျကျသိရှိနားလည်နိုင်ပြီး အမျိုးဘာသာသာသနာကို လေးစားတန်ဖိုးထားနိုင်စေရန်ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။ (၄၁၂)

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း သုခပညာခန်းမ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲများကို ဒီဇင်ဘာလ ၁ ရက်က လယ်ဝေးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ လယ်ဝေးခရိုင် ဥပဒေရုံးတို့နှင့်ပူးပေါင်း၍ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ဥပဒေအရာရှိဒေါ်စန်းယုခိုင်မှ လူငယ်များ သိသင့်သိထိုက်သော "ကလေးသူငယ်အလုပ်သမားနှင့်စပ်လျဉ်း၍ ဥပဒေအသိပညာပေးခြင်း"၊ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာစိုးက ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များအား "လူငယ်နှင့်စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လယ်ဝေးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆွေဆွေသွယ်က လူငယ်နှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးအကြောင်း၊ ပလတ်စတစ် ညစ်ညမ်းမှုနှင့် စွန့်ပစ်ပစ္စည်း(အမှိုက်)ဆိုင်ရာအကြောင်း အသိပညာပေးပြောကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များ၊ လူငယ်ရေးရာနှင့်သက်ဆိုင်သည့် စာအုပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားဖတ်ရှုလေ့လာကြကြောင်း သိရသည်။ (၄၁၃)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၃-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြင်ဦးလွင်မြို့ ဒိုးကွင်ဥယျာဉ်ခြံ ပန်းသုတေသနလုပ်ငန်းများနှင့် မျိုးစေ့ထုတ်လုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင် ဒိုးကွင်ဥယျာဉ်ခြံ၏ သုတေသနပြု မျိုးစေ့ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ခြံအတွင်း မျိုးစေ့ထုတ်လုပ်ရန်နှင့်သုတေသနပြုလုပ်ရန် စိုက်ပျိုးထားသော ဒေသသစ်ခွပန်းများ၊ မေမြို့ပန်းများ၊ ဂန္ဓမာပန်းများ၊ ဒေလီယာပန်းများ၊ ဒေဇီပန်းများအပါအဝင် ပန်းမျိုးများကို သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သုတေသနပြုဖော်ထုတ်ရရှိသောပန်းမျိုးသစ်များကို ပြင်ဦးလွင်ဒေသတစ်ဝိုက်ရှိ တောင်သူများစိုက်ပျိုးနိုင်ရေးအတွက် နည်းပညာနှင့် မျိုးစေ့ဖြန့်ဖြူးရေးလုပ်ငန်းများကို နှစ်အလိုက် ပိုမိုထုတ်လုပ်ပေးနိုင်ရေးကြိုးပမ်းကြရန် တာဝန်ရှိသူများကို မှာကြားသည်။

၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတော်အကြီးအကဲ၏ ပြင်ဦးလွင်ခရီးစဉ် လမ်းညွှန်ချက်များအရပြင်ဦးလွင်မြို့တော်ကို ပန်းမြို့တော်ဖြစ်ပေါ်စေရေးအတွက် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော မေမြို့ပန်းမျိုးများ၊ နှင်းဆီပန်းများအပါအဝင် အခြားသောပန်းမျိုးများအား သုတေသနပြုလုပ်၍ အရောင်အသွေးစုံ အပွင့်ပုံစံမျိုးစုံ ထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေးအတွက်ဒေသမျိုးအချင်းချင်းမျိုးကူးစပ်ခြင်း၊ စုဆောင်းထားရှိသည့် ဒေသမျိုးများနှင့် ပြည်ပမျိုးများ မျိုးစပ်မွေးမြူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဒိုးကွင်ခြံသည် အကျယ်အဝန်း ၄၀ ဒသမ ၄၆ ဧကရှိပြီး ၂၀၂၂ ခုနှစ်မှစတင်၍ ဒေသသစ်ခွပန်းမျိုး စုဆောင်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ သစ်ခွမျိုးပေါင်း ၁၀၃ မျိုး စုဆောင်းထားရှိပြီး တစ်သျှူးနည်းပညာဖြင့် မျိုးပွားများခြင်း၊ မင်္ဂလာဒုံသစ်ခွခြံ၊ ဘားလားသစ်ခွခြံတို့နှင့် သစ်ခွမျိုးစပ်ခြင်းသုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မင်္ဂလာဒုံသစ်ခွခြံမှ မျိုးစပ်ထုတ်လုပ်သော သစ်ခွစပ်မျိုး ၁၂ မျိုးအား ပြင်ဦးလွင်ဒေသ ရေမြေအခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ စမ်းသပ်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ နှင်းဆီမျိုးကွဲပေါင်း ၃၂ မျိုးအနက် ထူးခြားသည့်အရောင်၊ အပွင့်၊ ပုံစံနှင့် မွှေးရနံ့ ရရှိစေရေး ရွေးချယ်မျိုးစပ်လျက်ရှိရာ စပ်မျိုးအတွဲပေါင်း ၂၀ တွဲ မျိုးစပ်ထားရှိကြောင်း၊ လာမည့်နှစ်တွင် အဆိုပါစပ်မျိုးများအား အပင်အဖြစ်မွေးမြူ၍ ထူးခြားသည့် အနံ့၊ အပွင့်၊ အရောင်တို့ကို စိုက်ပျိုးရွေးချယ်ပြီး ဒေသတွင်း စီးပွားဖြစ်ခြံများသို့ မျိုးသစ်များဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ပြည်တွင်းဒေသမျိုး မေမြို့ပန်းများအား တာရှည်ခံနိုင်ရေး၊ အပင်ပင်စည်တောင့်တင်းမှုရှိစေရေး၊ ရောင်စုံမျိုးသစ်များပေါ်ထွက်ရေး သုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသတွင်ဖြစ်ထွန်းနိုင်သည့် ဒေဇီပန်း၊ ကညွတ်ပန်း၊ ကျောက်ခတ်ပန်း၊ ရေမွှေးပန်း၊ တိုးနယားပန်းအပါအဝင် ဒေသပန်းမျိုးစုံအား ဈေးကွက်ဝင်အရည်အသွေးဖြင့် မျိုးထုတ်လုပ်နိုင်ရေးကိုလည်း သုတေသနပြုဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဒိုးကွင်ဥယျာဉ်ခြံမှ နှစ်စဉ်ဂန္ဓမာပန်းပျိုးပင် ခြောက်သိန်း၊ ကြက်မောက်ပန်းပျိုးပင် ၅၀၀၀၊ ဒေလီယာပန်းပျိုးပင် ၂၀၀၀၊ ဒေဇီပန်းပျိုးပင် ၁၂၀၀၊ ရေမွှေးပန်းပျိုးပင် ၁၅၀၀၊ သစ်ခွပန်းပျိုးပင် ၁၅၀၀၊ မေမြို့ပန်းမျိုးစေ့များကို နှစ်စဉ် ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် နှစ်စဉ်ကျင်းပလျက်ရှိသော ပြင်ဦးလွင် ပန်းပြပွဲသို့လည်း မျိုးစေ့ပျိုးပင်များ ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ပြင်ဦးလွင်အား ပန်းမြို့တော်ဖြစ်စေရေးအတွက် နည်းပညာဖြန့်ဖြူးပေးခြင်း၊ မျိုးစေ့များဖြန့်ဖြူးပေးခြင်းလုပ်ငန်းများကို ပညာရှင်များစုဖွဲ့၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နှင့် မြန်အောင်မြို့တို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့ရှိ Gold Delta ဆန်စက်ရှိရှင်းလင်းဆောင်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။




ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ ပို့ကုန်ကဏ္ဍနှင့်သွင်းကုန်ကဏ္ဍ လွယ်ကူချောမွေ့စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတကာကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့လယ်ယာထွက်ကုန်များ ကမ္ဘာ့ဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ ဈေးကွက်ရှာဖွေနိုင်ရေးနှင့် အမယ်သစ်ပို့ကုန်များတင်ပို့နိုင်ရေး အတွက်ပြည်ပနိုင်ငံများတွင်စီးပွားရေးသံမှူးများ ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များသည် နိုင်ငံဝင်ငွေရရှိရေးအတွက် အဓိကနေရာမှ ပံ့ပိုးပေးလျက်ရှိသောကြောင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၏ ကွင်းဆက်လုပ်ငန်းစဉ်တွင် လိုအပ်သောပစ္စည်းများနှင့်သွင်းအားစုများကို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှလစဉ်ဝယ်ယူဖြည့်တင်းပေးလျက်ရှိကြောင်း၊ ကမ္ဘာ့ဈေးကွက်လိုအပ်ချက်နှင့်အညီ ဈေးကွက်ဝင်ထုတ်ကုန်များဖြစ်စေရေး၊ ဈေးကောင်းရရှိရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဆန်နှင့်ဆန်ထွက်ပစ္စည်း ပြည်ပသို့ တိုက်ရိုက်တင်ပို့သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် စိုက်ပျိုးထုတ်လုပ်သူများက ဒေသထွက်ကုန်သီးနှံများအား စိုက်ပျိုးထုတ်လုပ်မှု၊ ကြိတ်ခွဲထွက်ရှိမှုနှင့် ပြည်ပသို့တင်ပို့နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးသည်။

ယမန်နေ့နံနက်ပိုင်းကလည်းပြည်ထောင်စုဝန်ကြီးသည် မြန်အောင်မြို့ မြို့နယ်အားကစားခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင်သပြေကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စုပေါင်းခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားခဲ့သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လယ်ယာထွက်ကုန်သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးနှင့် ဈေးကွက်ဝင်ထုတ်ကုန်များဖြစ်စေရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် MSMEs ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်သီးနှံများအား တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြုပြင်ပြောင်းလဲထုတ်လုပ်ပြီး ပြည်တွင်းစားသုံးရန်သာမက ပြည်ပသို့တင်ပို့နိုင်ရေး အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က မြန်မာ့ဆန်၊ ဆန်ကွဲများနှင့်ပတ်သက်၍ ပြည်တွင်း ပြည်ပဈေးကွက်၊ ဈေးနှုန်းအခြေအနေနှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်း၍ အရည်အသွေးပြည့်မီကောင်းမွန်သော ဆန်များထုတ်လုပ်တင်ပို့နိုင်မှုအခြေအနေများနှင့် တက်ရောက်လာသူများက ကြုံတွေ့နေရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အထက်မြန်မာပြည် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

မန္တလေး ဒီဇင်ဘာ ၂

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် အထက်မြန်မာပြည် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ပြုလုပ်ရာ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ အထက်မြန်မာပြည်ဂေါက်သီးအဖွဲ့ချုပ် ဆပ်ကော်မတီမှ တာဝန်ရှိသူများနှင့် ရွှေမန်းတောင်ဂေါက်ကွင်းတို့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေ၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ကိုကို၊ ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးထွန်းထွန်းဦး၊ ဦးစိုး၊ ဦးအေးကိုတို့က အလှည့်ကျဂေါက်သီးရိုက်၍ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ဝါသနာရှင်အဆင့် (အမျိုးသား) ၂၀၈ ဦး၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ၈၀ ဦး၊ စုစုပေါင်း ၂၈၈ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။




ပြိုင်ပွဲကို မန္တလေးမြို့ရှိ ရွှေမန်းတောင်ဂေါက်ကွင်း၌ ဒီဇင်ဘာလ ၂ ရက်မှ ၄ ရက်အထိ သုံးရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'စုလှိုင်'

အခန်းထဲသို့ဝင်လာသော အယ်မာထွေးက လှမ်းခေါ်သည်။ ထို့နောက် အလောတကြီးပြေးလာပြီး လက်ဝါးဖြန့်သည်။

'ပါတာနီ နှစ်စေ့သုံးစေ့လောက်'

အယ်မာထွေးတိုက်သွားသဖြင့် ရွဲ့သွားသောခုံကို သက်သက်က မကျေမနပ်နှင့် ပြန်စီနေစဉ် စုလှိုင်သည် သူ့လက်ထဲသို့ ပါတာနီတစ်ထုပ်လုံး ထည့်ပေးလိုက်သည်။ အယ်မာထွေးသည် အနီဆုံး အရဲဆုံး ပါတာနီစေ့လေးများကို ရွေးယူကာ သူ့နှုတ်ခမ်းကို ပွတ်နေသည်။ ကြာကြာမပွတ်ရပါချေ။ နှုတ်ခမ်းနုနုတွင် ဆေးနီများ ကူးကာ နီထွေးလာသည်။ ကျောင်းကို နှုတ်ခမ်းဆိုးမလာရဟူသော ကျောင်းစည်းကမ်းချမှတ်ထားသည်။ ထို့ကြောင့် အယ်မာထွေးတို့လို မ လှချင်ကလေးများက ဝိနည်းလွတ်အောင် ပါတာနီကို အသုံးပြုကြသည်။ ဆရာမဆူလျှင် 'နှုတ်ခမ်းဆိုးတာမဟုတ်ပါဘူး၊ ပါတာနီစားထားတာပါ'ဟု ဆင်ခြေပေးကြလေသည်။

'ဟေ့ အင်္ဂလိပ်စာအမှတ်တွေသိပြီတဲ့'

နှုတ်ခမ်းဆိုး၍ပြီးသောအခါမှ အယ်မာထွေးကပြောသည်။ ခြောက်လပတ် စာမေးပွဲမှ အမှတ်များဖြစ်သည်။ စုလှိုင်တို့အားလုံး မျှော်နေရသော အမှတ်များလည်းဖြစ်သည်။

'ခင်ခင်လှပြောတယ်၊ ကော်မွန်းရှမ်းထဲမှာ တီချာစစ်နေတာ သူတွေ့ခဲ့တယ်တဲ့'

စုလှိုင်သည် အဘိုးတို့ အဘွားတို့ အကြောင်းကို ခေတ္တမေ့ထားလိုက်ကာ သူဖြေဆိုခဲ့သောအဖြေလွှာကို ပြန်လည်စဉ်းစားနေမိလေသည်။ သူတို့သင်ရသော အင်္ဂလိပ်စာပြဋ္ဌာန်းစာအုပ်သည် 'အင်နာပူရနား'ဖြစ်သည်။ အင်နာပူရနားတောင်ကိုကြိုးစားပမ်းစားတက်ကြသော တောင်တက်သမားတစ်စုအကြောင်းဖြစ်သည်။ သူတို့ထဲမှ ခေါင်းဆောင်ဖြစ်သူ 'ဟာဇော့'သည် အအေးဒဏ်ကြောင့် သွေးခဲသွားပြီး လက်ချောင်း၊ ခြေချောင်းလေးများ ပုပ်သွားကာ ကြွေကျခဲ့ရသည်။ သူတို့၏ကြိုးပမ်းမှုကို စုလှိုင်အဓိပ္ပာယ်ရှာ၍မရပါ။ ပြဋ္ဌာန်းထားသောစာအုပ်ဖြစ်၍ ကျေညက်အောင်တော့ သင်အံလေ့ကျက်ခဲ့ရသော်လည်း စိတ်ထဲတွင်မူ မကျေနပ်လှချေ။ 'ငါသာဆိုရင် တောင်ထိပ်မှာအလံစိုက်ချင်တာလေးတစ်ခုတည်းနဲ့တော့ ဒီလောက်အပင်ပန်းမခံပေါင်၊ ဘာမှလည်းအကျိုးရှိတာမဟုတ်' ဟု မကြာခဏ အတွေးပေါက်မိသေးသည်။ သို့သော် 'ဟာဇော့တို့သည် အင်နာပူရနားတောင်ကို အဘယ်ကြောင့် ဤမျှအပင်ပန်းခံကာ တက်ခဲ့ကြသနည်း' ဟူသောမေးခွန်းကို စာမေးပွဲ၌မေးလာသောအခါတွင်ကား စိတ်ရင်းအတိုင်းရေး၍ မဖြစ်တော့ပေ။ ထို့ကြောင့် ဆရာမသင်ထားသည့်အတိုင်း အလွတ်ကျက်ထားသောအကြောင်းအချက်များကို စုံအောင် ရေးဖြေလိုက်ရသည်။

'ဟေ့ စုလှိုင်၊ အင်္ဂလိပ်မှာ စုလှိုင် အမှတ်အများဆုံး'

ခင်ခင်လှသည် ကျယ်လောင်စွာ အော်ဟစ်ရင်း အခန်းထဲသို့ ပြေးဝင်လာသည်။ သူက စုလှိုင်ဆီသို့လာကာ တစ်တန်းလုံးက သူ့ဆီသို့ဝိုင်းအုံလာကြသည်။ တစ်ယောက်တစ်ပေါက် တိုက်သွားသဖြင့် ခုံများ ရွဲ့စောင်းကုန်ပြန်လေသည်။ သက်သက်သည် အော်ရင်းဟစ်ရင်း ခုံများကို ပြန်ညှိနေသည်။ သူ့ခမျာ သည်တစ်ပတ်အတွက် အတန်းသန့်ရှင်းရေးတာဝန်ခံမို့ ခုံများ ညီညာသပ်ရပ်စေရန် ထာဝစဉ်ဂရုစိုက်နေရသည်။ စာမေးပွဲအမှတ်ကိုပင် မမေးအားရှာသေးချေ။

'တီချာက ပြောနေတယ်၊ စုလှိုင် သိပ်တော်တာပဲတဲ့၊ ရှစ်ဆယ်တောင်ရတယ်၊ အယ်မာတောင် ခုနစ်ဆယ့်ငါးမှတ်ပဲရတာ၊ ဒို့က ငါးဆယ်ပဲရတယ်'

ခင်ခင်လှက ဝမ်းသာအားရပြောသည်။ သူအမှတ်နည်းသော်လည်း စုလှိုင်အတွက် ဝမ်းသာနေသည်။ ထိုသို့ နေရာတကာတွင် စိတ်ကောင်းရှိခြင်းကြောင့်လည်း တစ်တန်းလုံး၏ ချစ်ခင်လေးစားမှုကိုရကာ အတန်းခေါင်းဆောင် ဖြစ်နေရခြင်းဖြစ်သည်။

'ဟေ့ ဒို့ရော၊ ဒို့ဘယ်လောက်ရလဲ'

အမာညိုက မေးသည်။ ခင်ခင်လှသည် ခေါင်းတစ်ချက်ကုတ်လိုက်ကာရယ်သည်။

'အမာညိုက လေးဆယ့်တစ်၊ သက်သက်က လေးဆယ့်ငါး၊ ကျတဲ့သူက ဆယ့်ငါးယောက်ရှိတယ်'

'ဒို့ရော အောင်ရဲ့လား'

နီနီက မရဲတရဲဝင်မေးသည်၊ ခင်ခင်လှသည် နီနီကိုအားနာဟန်နှင့် လှည့်ကြည့်လိုက်ပြီးခေါင်းခါသည်။

'မအောင်ဘူး'

'ထင်သားပဲ၊ ဖြေမှမဖြေနိုင်ဘဲ'

နီနီသည် မျက်နှာငယ်လေးနှင့် ညည်းသလိုလိုပြောသည်။ ထို့နောက် စုလှိုင်ကို အထင်ကြီးအားကျဟန်လေးနှင့် လှမ်းပြီးကြည့်လေသည်။

'စုလှိုင်များ တော်လိုက်တာဟယ် ရှစ်ဆယ်တောင်ရတယ်၊ ဒို့က အဲဒီတစ်ဝက်လေးဆယ်ရအောင်တောင်မဖြေနိုင်ဘူး'

ထိုကဲ့သို့သောအသံများကြားရသောအခါ စုလှိုင်သည် ဘဝင်မြင့်ချင်သလိုလိုပင် ဖြစ်လာသည်။ ဘာမှ အပန်းတကြီး ဖြေလိုက်ရသည်မဟုတ်ဘဲနှင့် အမှတ်အများဆုံးရနေသည်ကိုပင် အံ့ဩချင်သလိုလို ဖြစ်နေသည်။ ဒီလောက်လွယ်တာကို ဘယ်လိုများကျအောင်ဖြေလိုက်သလဲဟု တွေးရင်း နီနီကို အထင်သေးမိသေးသည်။

စောစောလေးကမှ ခံစားခဲ့ရသော အဘိုး၊ အဘွားတို့အတွက် ရက်အား စိတ်ငယ်နှင့် ယခုလောလောဆယ်ခံစားနေရသော မိမိကိုယ်မိမိ အထင်ကြီးစိတ်တို့သည် စုလှိုင်ရင်ထဲတွင် လုံးထွေးနေကြသည်။

'တော်လိုက်တာဟယ်'

> **"ခင်ခင်လှသည် ကျယ်လောင်စွာအော်ဟစ်ရင်း အခန်းထဲသို့ ပြေးဝင်လာသည်။ သူက စုလှိုင်ဆီသို့လာကာ တစ်တန်းလုံးက သူ့ဆီသို့ ဝိုင်းအုံလာကြသည်။ တစ်ယောက်တစ်ပေါက် တိုက်သွားသဖြင့် ခုံများရွဲ့စောင်းကုန်ပြန်လေသည်။ သက်သက်သည် အော်ရင်းဟစ်ရင်း ခုံများကို ပြန်ညှိနေသည်။ သူ့ခမျာ သည်တစ်ပတ်အတွက် အတန်းသန့်ရှင်းရေးတာဝန်ခံမို့ ခုံများ ညီညာသပ်ရပ်စေရန် ထာဝစဉ်ဂရုစိုက်နေရသည်။ စာမေးပွဲအမှတ်ကိုပင် မမေးအားရှာသေးချေ . . ."**

'သိပ်တော်တာပဲ'

'စတော်ကြီး စတော်ကြီးစုလှိုင်'

သူငယ်ချင်းများသည် တစ်ယောက်တစ်ပေါက်ဝိုင်းပြောနေကြသည်။ သူတို့ ပါးစပ်ကသာ ချီးကျူးနေသော်လည်း မျက်လုံးများက ဝန်တိုပြူးစူးသောမျက်လုံးများဟု စုလှိုင်ထင်မိသည်။

ထို့ကြောင့် စုလှိုင်သည် ဘာမှပြန်မပြောဖြစ်ဘဲ သူတို့ကို ခပ်စိန်းစိန်း စိုက်ကြည့်ကာ သဲ့သဲ့လေးပြုံးနေမိလေသည်။ ဣန္ဒြေလုပ်ကာ လှရုံလေးပြုံးနေကြသော မိန်းကလေးတို့သည် အဆင့်ဆင့်စီတန်းနေကြသည်။ အလယ်တွင်ထိုင်နေသော အတန်းပိုင်ဆရာမကြီး၏ မျက်နှာသည်ကား တည်လှသည်။ ကျော်ထွန်းညိုသည် ဆရာမကြီး၏မျက်နှာကို အသေအချာစိုက်ကြည့်ရင်း ပြုံးလိုက်မိသည်။ စာကျက်ပျင်းသော အမာညိုကို ခုံပေါ်တွင် မကြာခဏတက်၍ ရပ်ခိုင်းသော ဆရာမကြီးမှာ သူပင်ဖြစ်ပေလိမ့်မည်။

'ဘာပြုံးတာလဲ ကိုကိုရဲ့'

'နင့်ကို ခဏခဏ ဒဏ်ပေးတာ ဒီဆရာမကြီးမဟုတ်လား မိညို'

'ဒါပေါ့ နေ့ခင်းတုန်းကတောင် အရိုက်ခံရသေးတယ်'

'ဘာဖြစ်လို့လဲ'

'အဟက် ကျောင်းတက်ချိန်မှာ မုန့်ခိုးစားတာ မိသွားလို့'

'နင် မရှက်ဘူးလား မိညိုရယ်၊ ဒီအရွယ်ကြီးထိ အရိုက်ခံနေရတာ၊ ကြည့်ပါဦး ဆယ်တန်းတောင်ရောက်နေပြီ'

'ဘယ်တတ်နိုင်ပါ့မလဲ'

အမာညိုသည် ပြောင်စပ်စပ်နှင့် ပခုံးလေးတွန့်ကာပြောသည်။ ထို့နောက် ကျော်ထွန်းညိုကြည့်နေသော ဓာတ်ပုံလေးကိုလှမ်း၍ ဆွဲယူလိုက်သည်။ သူ့ကို တည်တည်ကြီးစိုက်ကြည့်နေဟန်ရှိသော ဆရာမကြီးကို အသေအချာတည့်တည့် ပြန်ကြည့်ပြီး လျှာထုတ်ပြလိုက်လေသည်။

'ကိုကို ကျွန်တော့်ကို ဒီဂဏန်းတစ်ပုဒ် တွက်ပေးစမ်းပါ'

ညီလင်းညိုက အခန်းထဲဝင်လာရင်း ပြောသည်။ သူ့လက်ထဲတွင် ဂဏန်းသင်္ချာစာအုပ်ကလေးကို ကိုင်ထားလေသည်။

'ညီလင်းနော်၊ ငါ့ကို အဲဒီလိုညာညာပြီး လာမတွက်ခိုင်းနဲ့လို့ ပြောထားတယ် မဟုတ်လား၊ နားမလည်ရင်မေး ရှင်းပြမယ်၊ နင်တို့နှစ်ယောက်စလုံး တူတူပဲ၊ အင်မတန်အပျင်းထူတယ်'

'မပျင်းပါဘူး ကိုကိုရာ'

အမာညိုနှင့် ညီလင်းညိုတို့သည် ကပျာကသီ ရှင်းချက်ထုတ်လိုက်ကြသည်။

**ဆက်လက်ဖော်ပြပါမည်။**

## ယခုဘဏ္ဍာနှစ်တွင် လပွတ္တာခရိုင်၌ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ၆၀ ရာခိုင်နှုန်းကျော်ပြီးစီး



လပွတ္တာ ဒီဇင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လမ်းဦးစီးဌာနမှကြီးမှူး၍ ယခုဘဏ္ဍာနှစ်တွင် လပွတ္တာခရိုင်၌ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှု ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း လပွတ္တာခရိုင် လမ်းဦးစီးဌာနမှ သိရသည်။

လပွတ္တာခရိုင်သည် ဧရာဝတီတိုင်းဒေသကြီးအတွင်း တောင်ဘက်အစွန်ပိုင်းကျသော ခရိုင်တစ်ခုဖြစ်ပြီး ယင်းခရိုင်တွင် လပွတ္တာမြို့နယ်နှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့ပါဝင်ကာ လပွတ္တာခရိုင်လမ်းဦးစီးဌာနအနေဖြင့် ပြည်ထောင်စုလမ်းသုံးလမ်းနှင့် တိုင်းဒေသကြီးလမ်းငါးလမ်း စုစုပေါင်းလမ်းမကြီး ရှစ်လမ်း၊ အရှည်အားဖြင့် ၁၁၄ မိုင် ၃ ဖာလုံကို တာဝန်ယူကာ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်းဖြစ်သည်။

"လပွတ္တာခရိုင်လမ်းဦးစီးဌာနအနေနဲ့ ဒီဘဏ္ဍာနှစ်မှာ ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၄ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၆ ဖာလုံ ၂၉၅ ပေ၊ ကတ္တရာလမ်း အနိမ့်အမြင့်ဖြေညှိခြင်း ၃ မိုင် ၆ ဖာလုံ ပေ ၃၃၀၊ မြေသားလမ်းတာပေါင် တည်ဆောက်ခြင်း ၇ ဖာလုံ ၃၃၀ ပေ၊ တံတားချဉ်းကပ်လမ်း မြေသားခင်းခြင်းလုပ်ငန်းနှစ်ခုနဲ့ Box Culvert တစ်စင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိမှာ လုပ်ငန်းအားလုံးရဲ့ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ပါတယ်" ဟု လပွတ္တာခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေအောင်ထူးက ပြောသည်။

လပွတ္တာခရိုင် လမ်းဦးစီးဌာနသည် ယင်းဒေသအတွင်းရှိ ခရိုင်ချင်းဆက်လမ်းများနှင့် ဒေသတွင်းလမ်းများကောင်းမွန်ကာ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရန်၊ ဒေသခံပြည်သူများနှင့် ခရီးသွားများ ရာသီမရွေး အဆင်ပြေချောမွေ့စွာသွားလာနိုင်စေရန် လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ ဘူတာကြီးထိန်းသိမ်းဆောင်ရွက်ထားရှိမှုအား ကြည့်ရှုစစ်ဆေးစဉ်။



ပြင်ဦးလွင်မြို့၊ စစ်မှုထမ်းဟောင်းအိမ်ရာအဆောက်အအုံအားတွေ့ရစဉ်။

**❖ တည်ဆောက်ပြီးစီးသည့်အိမ်ရာများ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျနေရာချထားပေးသွားရန်လို၊ အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ကာလအတွင်း ပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှုရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက် . . .**

**❐ ကျောဖုံးမှအဆက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ဆောက်ပြီးစီးသည့်အိမ်ရာများ၌ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ စနစ်တကျနေရာချထားပေးသွားရန်လိုကြောင်း၊ အဆောက်အအုံများ တည်ဆောက်ရာတွင်လည်း သတ်မှတ်ကာလအတွင်းပြီးစီးမှုရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီမှုရှိစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာတွင်နေထိုင်သူများ ကျန်းမာရေးအထောက်အကူပြုရန်အတွက် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ရန်နေရာများ ထည့်သွင်းတည်ဆောက်သွားရန်နှင့် အထပ်မြင့်အဆောက်အဦများကို သဘာဝဘေးအန္တရာယ်ကာကွယ်နိုင်အောင် စနစ်တကျတွက်ချက်ဆောက်လုပ်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အိမ်ရာတွင်နေထိုင်နေကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်ချက်များကို မေးမြန်းသည်။

အဆိုပါပြင်ဦးလွင်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာတွင် အခြားအဆင့်နေအိမ် ၂ ခန်းတွဲ ၄ ထပ် ၁၀ လုံး၊ အခြားအဆင့်နေအိမ် ၄ ခန်းတွဲ ၆ ထပ် ၁၀ လုံး၊ အရာရှိငယ် နေအိမ် ၄ ခန်းတွဲ ၆ ထပ် ၃ လုံး၊ အရာရှိကြီးနေအိမ် ၄ ခန်းတွဲ ၆ ထပ် ၁ လုံးတို့ကို ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်းနှင့် အရာရှိကြီးနေအိမ်၊ အရာရှိငယ်နေအိမ်နှင့် အခြားအဆင့်နေအိမ်များအား ထပ်မံ၍ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြင်ဦးလွင်မြို့၊ ဘူတာကြီး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် တာဝန်ရှိသူများက ဘူတာရုံအတွင်း သန့်ရှင်းသာယာမှုရှိစေရေးဆောင်ရွက်ထားရှိမှု၊ ဘူတာရုံဧရိယာအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများ၊ စီးပွားရေးလုပ်ငန်းဝင်ရောက်လုပ်ကိုင်နေသူများအား ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဘူတာရုံဧရိယာအတွင်း စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဒီဇင်ဘာ ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့်ဆီထွက်သီးနှံစုံ ၃၄၉၅၁ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ဧက ၂၀၀၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

“ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ၃၄၉၅၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ နေကြာဧက ၄၁၅၀၊ မြေပဲဧက ၁၅၅၀၊ နှမ်းဧက ၁၄၃၈၀ စုစုပေါင်းဆီထွက်သီးနှံစုံ ဧက ၂၀၀၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာနဲ့ပတ်သက်ပြီး အထွက်နှုန်းကောင်းမွန်စေဖို့အတွက် ဒေသခံတောင်သူတွေကို ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနဲ့ သွင်းအားစုပစ္စည်းတွေ အချိုးကျ မှန်ကန်စွာသုံးစွဲတတ်စေရေး တောင်သူပညာပေးလုပ်ငန်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်” ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရရှိအောင် ချိတ်ဆက်ကူညီပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာများမျှဝေပေးခြင်း၊ ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲရေးနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စသည့် လုပ်ငန်းများကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် နှစ်(၅၀)ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၇၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ညှော့်ခံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်




ရန်ကုန် ဒီဇင်ဘာ ၂

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် နှစ်(၅၀)ပြည့် နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးထူထောင်မှု နှစ် (၇၀) ပြည့် နှစ်ပတ်လည်အထိမ်းအမှတ် ညှော့်ခံပွဲအခမ်းအနားကို ယနေ့ည ၆ နာရီခွဲတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာလာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Bounphieng CHANTHAVONG နှင့်ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ညှော့်ခံပွဲအခမ်းအနားသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာလာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Bounphieng CHANTHAVONG က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နှင့် မြန်မာနိုင်ငံဆိုင်ရာလာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးတို့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံတည်ထောင်သည့်နှစ်(၅၀)ပြည့်နှစ်ပတ်လည်နှင့် မြန်မာ-လာအို နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၇၀)ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးပြီး ညှော့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးက ညှော့်ခံပွဲသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းညှော့်ခံခဲ့သည်။

အဆိုပါညှော့်ခံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှသံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်းသိရသည်။ **မြဝတီ**

# ဇေယျာသီရိမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်




နေပြည်တော် ဒီဇင်ဘာ ၂

စာပေယဉ်ကျေးမှုကို မြှင့်တင်ရန်နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့်များ တိုးပွားလာစေရန်ရည်ရွယ်ကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင်ပြည်ထောင်စုနယ်မြေနေပြည်တော်ဇေယျာသီရိမြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပွဲတော်သို့ နေပြည်တော်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဇေယျာသီရိမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မျိုးချစ်စိတ်ဓာတ်ရှင်သန်တက်ကြွစေသည့် “ဓာတိမာန်တေးသီချင်း”ဖြင့်လည်းကောင်း၊ “စာကြည့်တိုက်သို့ သွားကြစို့” တေးသီချင်းဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။


ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန်၊ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြရန်နှင့် စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန် အခြေခံပညာကျောင်းများတွင် ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးစေရန်အတွက် ငွေ ပဒေသာပင်များနှင့် စာအုပ်စာစောင်များ ပေးအပ်ပြီး နေပြည်တော်ကောင်စီဝင်များက “စာပေဖတ်ရှုခြင်း၏အကျိုးကျေးဇူး” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည့် စာရေးဆရာ ရဲမွန်ကျော်နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကို ပေးအပ်ကြသည်။

ထို့နောက် ခင်းကျင်းပြသထားသည့် လှပသာယာပြည်မြန်မာ ဓာတ်ပုံမှတ်တမ်းများ၊ စာအုပ်စာစောင်များနှင့်ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၁.၇°C |
| ဟဲဟိုး | ၂.၄°C |
| လွိုင်လင် | ၃.၁°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၄.၂°C |
| ပင်လောင်း | ၄.၅°C |
| မိုင်းယန်း | ၅.၅°C |
| ပြင်ဦးလွင် | ၆.၄°C |
| တောင်ကြီး | ၇.၆°C |
| လွိုင်ကော် | ၈°C |
| လားရှိုး | ၈°C |
| ညောင်ရွှေ | ၈.၃°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၃ | ၂၅ |
| ရှမ်း(မြောက်) | ၁၀ | ၂၇ |
| ရှမ်း(အရှေ့) | ၉ | ၂၆ |
| ရှမ်း(တောင်) | ၅ | ၂၅ |
| ချင်း | ၁ | ၂၃ |
| စစ်ကိုင်း(အထက်) | ၁၃ | ၂၈ |
| စစ်ကိုင်း(အောက်) | ၁၄ | ၃၀ |
| နေပြည်တော် | ၁၄ | ၂၉ |
| မန္တလေး | ၁၅ | ၃၀ |
| မကွေး | ၁၄ | ၃၀ |
| ရခိုင် | ၁၆ | ၃၀ |
| ပဲခူး | ၁၄ | ၃၀ |
| ရန်ကုန် | ၁၆ | ၃၂ |
| ဧရာဝတီ | ၁၆ | ၃၂ |
| ကယား | ၈ | ၂၇ |
| ကရင် | ၁၆ | ၃၃ |
| မွန် | ၁၇ | ၃၂ |
| တနင်္သာရီ | ၁၈ | ၃၂ |

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်

## သတင်းထုတ်ပြန်ချက်(၁၆/၂၀၂၅)

၁။ ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ထုတ်ပြန်ချက်အရ သိရှိရပါသည်။ မသန်စွမ်းသူများသည် အမြင်အာရုံ၊ အကြားအာရုံ၊ ကိုယ်အင်္ဂါ၊ စိတ်ပိုင်းနှင့်ဉာဏ်ရည်ဆိုင်ရာ စသည့်ချို့ယွင်းအားနည်းမှုတစ်ခုခုနှင့် မသန်စွမ်းမှုတစ်မျိုးမျိုးကို ကြုံတွေ့ခံစားနေရသူများဖြစ်သော်လည်း အချို့ကဏ္ဍများ၌ သာမန်ထက်ပင်စွမ်းဆောင်နိုင်ကြကြောင်း တွေ့ရှိရပါသည်။ မသန်စွမ်းသူများကို ကာကွယ်ပေးရန်၊ ကူညီပေးရန်နှင့် မြှင့်တင်ပေးရန်အလို့ငှာ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ်(၄၇/၃)ဖြင့် နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အဖြစ် သတ်မှတ်ခဲ့သည်မှာ ယနေ့တွင် (၃၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

၂။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်ခွင့်များ အားလုံးကိုမြှင့်တင်ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့၏မွေးရာပါ လူသားဂုဏ်သိက္ခာအားလေးစားရန်တို့ကိုရည်ရွယ်၍ ကုလသမဂ္ဂက ၂၀၀၆ ခုနှစ်တွင် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of Persons with Disabilities–CRPD)ကိုအတည်ပြုခဲ့ရာ မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ်တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ချုပ်ဆိုခဲ့ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် နိုင်ငံတော်က မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟု ဖော်ပြထားပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မသန်စွမ်းသူများကို ပိုမိုကြည့်ရှုစောင့်ရှောက်နိုင်ရန်နှင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်ချက်များဖြင့် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေ(၂၀၁၅ ခုနှစ်)ကိုလည်း ပြဋ္ဌာန်းထားပါသည်။

၄။ မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များတန်းတူညီမျှမှုရှိရေးနှင့်စပ်လျဉ်း၍ မသန်စွမ်းသူများသည် မွေးရာပါအခွင့်အရေးများ၊ အသက်ရှင်သန်ခွင့်၊ နိုင်ငံသားဖြစ်မှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ လုံခြုံမှု၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာလေးစားမှုတို့ကို ခံစားခွင့်ရှိစေရမည့်အပြင် လူမှုအသိုက်အဝန်းတွင် မသန်စွမ်းမှုကိုအကြောင်းပြု၍ ခွဲခြားဆက်ဆံမှုနှင့် နှိမ့်ချမှုမရှိစေရေးတို့ကို ဂရုပြုလိုက်နာဆောင်ရွက်ကြရပါမည်။ နိုင်ငံတော်ကလည်း မသန်စွမ်းသူများ၏အခွင့်အရေးများအား ကဏ္ဍစုံတွင် လက်လှမ်းမီရရှိနိုင်စေရေးအတွက် အလေးပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် မသန်စွမ်းသူများ၏လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲများ၊ သင်ခန်းစာပို့ချမှုများတွင်ထည့်သွင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား မျက်မမြင်လက်စမ်းဘာသာစာအုပ်ပြုစုထုတ်ဝေခြင်း၊ မသန်စွမ်းသူများ၏အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်(CRPD)အား ဘာသာပြန်ဆို၍ ထုတ်ဝေခြင်းအပါအဝင် စာအုပ်စာတမ်းများ ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ထို့ပြင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် မသန်စွမ်းသင်တန်းကျောင်းများသို့သွားရောက်၍ မသန်စွမ်းသူများ၏အခြေခံလူ့အခွင့်အရေးများရရှိခြင်း ရှိ/မရှိ ကြည့်ရှုစစ်ဆေးကာ အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်သည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်တို့နှင့်လည်း ပူးပေါင်း၍ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပါသည်။

၆။ ယခုနှစ် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့အတွက် ကုလသမဂ္ဂကချမှတ်ထားသောဆောင်ပုဒ်ဖြစ်သည့် **“လူမှုဘဝမြင့်မားရေးမသန်စွမ်းသူများပါဝင်သောလူ့အဖွဲ့အစည်းများမြှင့်တင်ပေး– Fostering disability inclusive societies for advancing social progress”**နှင့်အညီ ကဏ္ဍအသီးသီးတွင် မသန်စွမ်းသူများ လက်လှမ်းမီပါဝင်နိုင်ရေး သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါရန် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့တွင် အလေးအနက်တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

# အာရှယဉ်ကျေးမှုအမွေအနှစ်များမဟာမိတ်အဖွဲ့၏ ဒုတိယအကြိမ်မြောက် အထွေထွေညီလာခံ၊ တတိယအကြိမ်မြောက် ကောင်စီအစည်းအဝေးများသို့ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ နိုဝင်ဘာလ ၂၆ ရက်မှ ၂၉ ရက်အထိကျင်းပခဲ့သည့် အာရှယဉ်ကျေးမှုအမွေအနှစ်များမဟာမိတ်အဖွဲ့၏ ဒုတိယအကြိမ်မြောက်အထွေထွေညီလာခံ၊တတိယအကြိမ်မြောက်ကောင်စီအစည်းအဝေးနှင့် ဆက်စပ်ပြပွဲများ၊ အစီအစဉ်များသို့တက်ရောက်ခဲ့သည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာလ ၂၉ ရက်တွင် ချုံချင့်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါအစည်းအဝေးများကို ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအကြားချစ်ကြည်ရင်းနှီးမှုတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့်ကျင်းပခြင်းဖြစ်သည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နိုဝင်ဘာလ ၂၅ရက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ရောက်ရှိပြီး နိုဝင်ဘာလ ၂၆ ရက် နံနက် ၁၀ နာရီတွင် China’s National Cultural Heritage administration and Executive Secretary – General of the Alliance for Cultural heritage Conservation in Asia(ACHA)မှ Deputy Director General Mr. Xie Bing ဦးဆောင်သော ACHA မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပွဲသို့တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် China Three Gorges Museum သို့လေ့လာရေးသွားရောက်ခဲ့ရာ အဆိုပါပြတိုက်တွင် ချုံချင့်မြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သော Dazu ကျောက်ဂူနံရံပေါ်ရှိ ကျောက်ဆစ်လက်ရာများအထူးပြပွဲကိုလည်းကောင်း၊ Three Gorges (ယန်စီမြစ်၊ မြစ်ဝါမြစ်အပါအဝင် မြစ်သုံးမြစ်ဆုံရာဒေသ)တွင် တာတမံပြုလုပ်ရာမှထွက်ပေါ်လာသော ခေတ်အဆက်ဆက် ရှေးဟောင်းပစ္စည်းများပြခန်းကိုလည်းကောင်း လေ့လာကြည့်ရှုခဲ့ကြသည်။ ညနေပိုင်းတွင် ACHA မှ တာဝန်ရှိသူများက တည်ခင်းဧည့်ခံသည့် Welcome Dinner သို့ အခြားနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ခဲ့သည်။

နိုဝင်ဘာလ ၂၇ ရက် နံနက်ပိုင်းတွင် အာရှယဉ်ကျေးမှုအမွေအနှစ်များ မဟာမိတ်အဖွဲ့၏ ဒုတိယအကြိမ်မြောက် အထွေထွေညီလာခံကို ချုံချင့်မြို့ရှိ Liangjiang Hall, Chongqing Yuelai International Conference Center ၌ကျင်းပခဲ့ရာ Culture and Tourism of China, Administrator of the National Cultural Heritage




Administration မှ Vice Minister Mr. Rao Quan က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၂၆ နိုင်ငံမှ ဖိတ်ကြားထားသည့် တာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါညီလာခံတွင် ACHA မှ တာဝန်ရှိသူများက အမှာစကားများပြောကြားကြပြီး နိုင်ငံအလိုက်ဆွေးနွေးတင်ပြကြရာ မြန်မာနိုင်ငံကိုကိုယ်စားပြု၍ ဒုတိယဝန်ကြီးက မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နေမှု၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက သဗ္ဗညုဘုရားကို MoU ရေးထိုး၍ ပြုပြင်ထိန်းသိမ်းပေးနေမှု၊ လန်ချန်း–မဲခေါင်ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အထောက်အပံ့ရန်ပုံငွေဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်/ မန္တလေး)တို့မှ ပန်းချီ၊ ပန်းပု နှီးနှောဖလှယ်ပွဲများ၊ ရုပ်သေးပြပွဲများ၊ ရုပ်ရှင်နှင့် ဖလင်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများဆောင်ရွက်နိုင်ခဲ့မှုနှင့် မန္တလေးလျှောင်ကြီးကြောင့်ပြိုကျပျက်စီးသည့် မန္တလေးနန်းမြို့ရိုး၊ အင်းဝပြတိုက်နှင့် မန္တလေး၊ အင်းဝပတ်ဝန်းကျင်မှ ဘုရား၊ ပုထိုးအချို့ကို တရုတ်ပညာရှင်များက လာရောက်ကွင်းဆင်းမှတ်တမ်းတင် အကြံပြုခဲ့ကြမှုများကို တင်ပြဆွေးနွေးခဲ့သည်။ အလားတူ အာရှတိုက်တစ်ခုလုံးရှိ ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးနှင့်ပတ်သက်၍ Network ထားရှိရန်ကိစ္စအပါအဝင် အကြံပြုချက်များကိုလည်း ဆွေးနွေးခဲ့သည်။

တတိယအကြိမ်မြောက် ACHA ကောင်စီအစည်းအဝေးကို ညနေ ၃ နာရီတွင် Joy Hall, Chongqing Yuelai International Conference Center ၌ကျင်းပရာ Secretary – General of ACHA, Mr. Kong Vireak က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ACHA အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုဝင်ဘာလ ၂၇ ရက် ညပိုင်းတွင် ACHA ညီလာခံကိုယ်စားလှယ်များအား ယန်စီမြစ်အတွင်း အပျော်စီးသင်္ဘောဖြင့်လှည့်လည်ပြသပြီး တရုတ်ယဉ်ကျေးမှုများကိုဖော်ပြသော Drone Show ဖြင့်လည်းကောင်း၊ တရုတ်ရိုးရာအကအလှများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

နိုဝင်ဘာလ ၂၈ ရက်တွင် ချုံချင့်မြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သော Dazu ကျောက်ဂူနံရံပေါ်ရှိ ကျောက်ဆစ်လက်ရာများတည်ရှိရာ Cultural Heritage sites in Dazu District သို့သွားရောက်လေ့လာခဲ့ကြောင်းသိရသည်။

မြဝတီ

## ထူးခြားသည့် ညအပူချိန်များ

၂-၁၂-၂၀၂၅


| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၃ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တောင်ကြီး | ၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်ကော် | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# မုန်တိုင်းငယ် အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်

နေပြည်တော် ဒီဇင်ဘာ ၂

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက် အလယ်ပိုင်း၊ အိန္ဒိယနိုင်ငံတမီးလ်နာဒူးမြောက်ပိုင်း၊ ပူဒူချယ်ရီနှင့်အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် တောင်-အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့




(Coco Island)၏အနောက်ဘက် ရေမိုင် ၇၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့ (Puducherry)၏ မြောက်- အရှေ့မြောက်ဘက် ရေမိုင် ၆၅ မိုင်ခန့်နှင့် ချင်းနိုင်မြို့ (Chennai)၏ အရှေ့တောင်ဘက် ရေမိုင် ၂၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု ၁၂ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၀ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါ မုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ဖြည်းညင်းစွာရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီကမ်းခြေတို့သို့ ဦးတည်ရွေ့လျားနိုင်ကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရပါသည်။

**(မိုး/ဇလ)**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း ထိုင်းနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဒီဇင်ဘာ ၂

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါမြန်မာနိုင်ငံကိုယ်စားပြု မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အားကစားချစ်မြတ်နိုးသူ ပြည်သူများ၊ ပရိသတ်များကလာရောက်တွေ့ဆုံအားပေးကြသည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ဒီဇင်ဘာလ ၅ ရက်တွင် ဖိလစ်ပိုင်နိုင်ငံအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာလ ၈ ရက်တွင် မလေးရှားနိုင်ငံအသင်းနှင့်လည်းကောင်း၊ ဒီဇင်ဘာလ ၁၁ ရက်တွင် ဗီယက်နမ်နိုင်ငံအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထိုကဲ့သို့အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြိုင်ဘက်နိုင်ငံအသင်းများကို အနိုင်မခံ၊ အရှုံးမပေးသောစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်စွမ်းဆောင်ပေးမည့် ဆုတံဆိပ်များဆွတ်ခူးရရှိရေးအတွက် ကြိုးပမ်းလေ့ကျင့်နေမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းမှ နည်းပြနှင့် အားကစားသမားများ၏ ရင်တွင်းစကားသံများ၊ အားကစားချစ်ပရိသတ်များ၏ ရင်ခုန်မျှော်လင့်မှုစကားသံများကို စုစည်းဖော်ပြအပ်ပါသည်-

**Mr.UKI TETSURO**

**(အသင်းနည်းပြချုပ်-ဂျပန်)**

ကျွန်တော်တို့ အသင်းအနေနဲ့ ပြိုင်ပွဲတိုင်းမှာ နောက်ဆုံးအချိန်အထိ အားမာန်အပြည့်နဲ့ ပါဝင်ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီးတော့ ခံစစ်ကောင်းကောင်းကနေ တိုက်စစ်ကို တန်ပြန်ကစားနိုင်အောင် သေချာပြင်ဆင်ထားပါတယ်။ အသင်းအနေနဲ့ နည်းပြ၊ အုပ်ချုပ်သူ ၁၁ ဦး၊ ကစားသမား ၂၃ ဦးနဲ့ စုစုပေါင်း ၃၄ ဦး သွားရောက်မှာဖြစ်ပါတယ်။ ပြိုင်ပွဲအတွက် ပြင်ဆင်မှုဆိုရင် ပထမဆုံး လူရွေးချယ်ရာမှာ ကစားသမားတွေကိုခေါ်ယူပြီး မျှမျှတတ ယှဉ်ပြိုင်မှုကနေတစ်ဆင့် ရွေးချယ်ခဲ့ပါတယ်။ အပြီးသတ်လူရွေးချယ်မှု မထုတ်ပြန်မီမှာလည်း နည်းပြဆရာတွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးပြီး သေချာစဉ်းစားပြီးတော့



လူရွေးချယ်ခဲ့တာဖြစ်ပါတယ်။

ပြင်ဆင်ချိန်အနေနဲ့ပြောရရင် အသင်းအနေနဲ့ ဂျပန်ကပြန်လာပြီး အာဆီယံပွဲမှာ ပြိုင်ခဲ့တယ်၊ အာဆီယံပွဲပြီးတဲ့အခါ ဆက်လက်လေ့ကျင့်မှုတွေနဲ့ ဆီးဂိမ်းအတွက် အသင့်ပြင်ဆင်ခဲ့ပါတယ်။ အမျိုးသမီးဘောလုံးပြိုင်ပွဲမှာ Group နှစ်ခုရှိပြီး ကျွန်တော်တို့ Group မှာ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းတို့ပါပါတယ်။ ပြိုင်ဘက်အသင်းတွေရဲ့ အခြေအနေကိုသုံးသပ်ပြီး ကြိုတင်ပြင်ဆင်ထားတယ်။ သူတို့ဘက်ကလည်း ကျွန်တော်တို့နဲ့ယှဉ်ပြိုင်ဖို့ အကောင်းဆုံး ကြိုတင်ပြင်ဆင်ထားမှာဖြစ်တဲ့အတွက် လွယ်ကူတဲ့ပြိုင်ပွဲတော့မဟုတ်ပါဘူး။

ဒါကြောင့် ပွဲတိုင်းကိုသေချာပြင်ဆင်ပြီး ယှဉ်ပြိုင်ကစားသွားမှာပါ။ မြန်မာပရိသတ်တွေဟာ အသင်းအပေါ်ကို မျှော်လင့်ချက်ထားတာကြောင့် နောက်ဆုံးမိနစ်အထိ ပွဲတိုင်းမှာ မဆုတ်မနစ်နဲ့ အစွမ်းကုန်ကြိုးစားသွားမယ်လို့ကတိပေးပါတယ်။ အမြဲတမ်း မြန်မာအမျိုးသမီးအသင်းအပေါ်ကို နွေးနွေးထွေးထွေးနဲ့ အားပေးစကားတွေပြောကြားမှုအပေါ် အထူးကျေးဇူးတင်ပါတယ်။ အခုလို အရေးကြီးတဲ့ပြိုင်ပွဲရှိလာပြီဆိုရင် ပရိသတ်ရဲ့အားပေးမှုဟာ အသင်းအတွက် ခွန်အားများစွာရရှိစေပါတယ်။ ပွဲတိုင်းမှာ




အကောင်းဆုံး ယှဉ်ပြိုင်ကစားသွားမယ်။ ပရိသတ်တွေရဲ့ အားပေးမှုကိုလည်း စောင့်မျှော်နေပါတယ်။

**ဝင်းသိင်္ဂီထွန်း (ရှေ့တန်းတိုက်စစ်မှူး၊ ကျောနံပါတ်-၇)**

ဆီးဂိမ်းပြိုင်ပွဲမှာ အသင်းအနေနဲ့ တစ်သင်းစီတိုင်းကို အာရုံစိုက်ပြီးကျော်ဖြတ်သွားမှာပါ။ ယှဉ်ပြိုင်ရမယ့်အသင်းတွေဟာ



ခြေမကွာကြဘူး။ ဒါကြောင့် ပွဲတိုင်းကို အာရုံစိုက်ပြီး ကြိုးစားရပါမယ်။ အုပ်စုတက်ဖို့အတွက် အားသွန်ခွန်စိုက်ဟန်ချက်ညီညီစည်းစည်းလုံးလုံးနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ဘယ်အသင်းကိုမှ လျှော့မတွက်ထားပါဘူး။

နိုင်ငံကိုယ်စားပြု မြန်မာအမျိုးသမီးအသင်းကို တာဝန်ကျေစွာ အားပေးနေကြတဲ့ နိုင်ငံတစ်ဝန်းက ချစ်ပရိသတ်ကြီးကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ပါတယ်။ ပြိုင်ပွဲနေ့တွေမှာ ထိုင်းမှာဖြစ်စေ၊ ကိုယ့်နိုင်ငံက ရုပ်သံလိုင်းတွေကနေ တစ်ဆင့်ဖြစ်စေ အားပါးတရခွန်အားဖြည့်အားပေးကြပါလို့ ဖိတ်ခေါ်ဂါရဝပြုပါတယ်။ ဆီးဂိမ်းကနေ ကျွန်တော်တို့တွေ နားထောင်နေမှာပါ။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးယှဉ်ပြိုင်ပြီး ပရိသတ်တွေ လိုချင်တဲ့ရလဒ်ကောင်းတွေ ပိုင်ဆိုင်နိုင်အောင် ကြိုးစားပေးသွားပါ့မယ်။

**စန်းသော်သော်(ရှေ့တန်းတိုက်စစ်မှူး၊ ကျောနံပါတ် - ၈)**

ပြိုင်ပွဲအတွက် သင်တန်းနည်းပြတွေနဲ့ အတူ သေသေချာချာပြင်ဆင်ထားပါတယ်။ အကောင်းဆုံးစွမ်းဆောင်မှုနဲ့ ယှဉ်ပြိုင်သွားမှာပါ။ မြန်မာအမျိုးသမီးအသင်းကို အားပေးကြတဲ့ပရိသတ်အားလုံးကို ဒီကနေ ဂါရဝပြုပါတယ်။ ဘောလုံးအားကစားဆိုတာ အသင်းအဖွဲ့ပုံစံနဲ့ယှဉ်ပြိုင်ကစားရတာဖြစ်တဲ့အတွက် အားပေးရာမှာ တစ်ဦး



တစ်ယောက်တည်းကိုမဟုတ်ဘဲ အားလုံးကို မျှဝေပြီး အားပေးခြင်းဟာ အောင်မြင်မှုပန်းတိုင်ကို ပိုပြီး ခိုင်မာစေပါတယ်။ အားပေးမှုဟာအသင်းအတွက် အသက်ပါပဲ။ မြန်မာပြည်က ချစ်ပရိသတ်တွေအတွက် ရာနှုန်းပြည့်အနိုင်ရရှိအောင် အဓိကထားအာရုံစိုက်ထားပါတယ်။

**သဲဆုမွန်၊ အေးသီရိကျော်၊ နီဘိုဘိုကျော် (ကြိုဆိုကြသည့်ပရိသတ်များ)**

ဆီးဂိမ်းပြိုင်ပွဲမှာ သွားရောက်ယှဉ်ပြိုင်ကြမယ့် အမျိုးသမီးဘောလုံးအသင်းကို အားပေးဖို့ မနက် ၄ နာရီကတည်းက လေဆိပ်ကိုရောက်နေတာပါ။ မြန်မာအမျိုးသမီးတွေရဲ့ စွမ်းဆောင်မှုနဲ့ နိုင်ငံတကာနဲ့အညီ ရင်ပေါင်တန်းလုပ်ဆောင်နိုင်မှုကို လေးစားတာကြောင့်ပါ။ ပြည်တွင်းပြိုင်ပွဲမဟုတ်ဘဲ အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲဆိုတော့ ပြိုင်ပွဲဝင် တခြားနိုင်ငံတွေကို ကျော်ဖြတ်ပြီး ဆုတွေအသီးသီးနဲ့ ပြန်လာရင် အကောင်းဆုံးကြိုဆိုဖို့ပြင်ဆင်ထားပါတယ်။

မြန်မာအမျိုးသမီးဘောလုံးအသင်းက အားကစားသမားအားလုံးကို အားပေးပါတယ်။ အထူးသဖြင့် မေထက်လူနဲ့ ဇွန်ယုယဦးကို ပိုပြီးသဘောကျပါတယ်။ ဖြစ်နိုင်ရင် ထိုင်းနိုင်ငံအထိ လိုက်ပါပြီး အားပေးချင်တာပါ။ အခုလို အသင်းလိုက်တွေ့ရတော့ စိတ်လှုပ်ရှားပြီးပျော်ရပါတယ်။ ပြန်လာရင်လည်း အားပါးတရကြိုဆိုမှာပါ။ သူတို့လည်း အစွမ်းကုန်ကြိုးစားသွားကြမှာ ဖြစ်တဲ့အတွက် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်တွေနဲ့ ရွှေရောင်လွှမ်းပါစေလို့ ဆုတောင်းပေးပါတယ်။ ထိခိုက်ဒဏ်ရာလည်း ကင်းပါစေ။

မြန်မာအမျိုးသမီးဘောလုံးအသင်းကို ချစ်ပါတယ်။ သူတို့ကို အပြစ်ပြောတာ မကြိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်အရာမှ လွယ်လွယ်ကူကူရလေ့မရှိတာကို သိသင့်ပါတယ်။ ဒါကြောင့် အမှားလေးတွေရှိရင် နားလည်ခွင့်လွှတ်ပြီး ဆုတံဆိပ်တွေနဲ့အတူတူ ပြန်လာချိန်အတွက် ကြိုတင်ပြင်ဆင်ပြီး အားပေးသွားကြဖို့လိုပါတယ်။ ယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲ



ထဲမှာ နိုင်ငံကိုယ်စားပြုဆိုတာ အင်မတန်တာဝန်ကြီးတယ်ဆိုတာ သူတို့က ပိုပြီးသိပြီးသားပါ။ ကျွန်မတို့ အဖွဲ့ကတော့ အားပါးတရ အားပေးကြမှာပါ။ သူတို့အတွက်လည်း ဂုဏ်ယူတယ်။ မြန်မာအမျိုးသမီးတွေအနေနဲ့ ကြိုးစားရင် ကြိုးစားသလောက်အကျိုးရှိတယ်ဆိုတာ အမျိုးသမီးဘောလုံးအသင်းကို စံနမူနာယူလို့ရပါတယ်။ ။ **တွေ့ဆုံမေးမြန်း - သစ္စာ(MNA)**

**ဓာတ်ပုံ - ဇွဲမာန်**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ချိန်မီ ခါမီ ဟေမန်ရာသီ

❖ ဝသန်လွန်စ၊ ဆောင်းလပြောင်းလျှင်
တိမ်ညိုတိမ်အုပ်၊ တွန်းထုတ်မိုးကောင်းကင်
အာကာတစ်ခွင်၊ ကြယ်စင်စုရုံး။
ညချမ်းချိန်ခါ လစန္ဒာ
လင်းဖြာ မျက်နှာ ပြုံးသည်တည့်လေး။

❖ နံနက်နေလုံး၊ နှင်းဖုံးသာတကြည်
တူပျော်စံမြန်း၊ နတ်နန်းသူ့ဌာနီ
အချိန်ခါမီ၊ ရာသီလေးလ။
မိုးဆောင်းနွေခါ တစ်နှစ်တာ
သုံးရာသီ လည်ရသည်တည့်လေး။

❖ ဟေမန္တပြောင်း၊ သည်ဆောင်းကိုအဝင်
လယ်ယာဦးကြီး၊ စိုက်ပြီးစပါးတွင်
မှည့်ဝင်းရွှေသွင်၊ လယ်ပြင်လယ်ထိပ်။
ကြည့်လိုက်ရှုသော် မျှော်တစ်ခေါ်
တူပျော်အများ ရိတ်သည်တည့်လေး။

❖ ကောက်ရိတ်အပြီး၊ ထပ်သီးစိုက်ရာ
ခုတ်ထွင်ရှင်းလင်း၊ ပေါင်းကင်းစေဖို့သာ
အသင့်စိုက်မှာ၊ မုန်လာသခွား။
ပဲပြောင်းကြက်သွန် မြေမလွန်
လယ်ထွန်ယောက်ျား မအားသည်တည့်လေး။

❖ ရာသီတစ်လွှား၊ မခြားမချန်
ခေးမဦးချ၊ လုံ့လပြုအမှန်
ကွက်လပ်မကျန်၊ ကြိမ်ဖန်စိုက်ပျိုး။
ကြီးထွားသီးနေ ယာတောမြေ
ဝင်ငွေပြည့်အိုး တိုးသည်တည့်လေး။


❖ မညိုးနေရောင် ပန်ရတော့သည်။
ဖြိုးဝေအောင် အဖြာဖြာလှတော့သည်။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-က)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။




ချောင်းဆုံမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် မဲစာရင်းမှန်ကန်စေရေးအတွက် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာအုပ်စုစာရေးဝန်ထမ်းများ၊ NGO အဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာလ ၁ ရက်တွင် ကွင်းဆင်းစစ်ဆေးစဉ်။ (၄၀၆)



MWD Education, Knowledge & Sports Channel

၃-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၅၅ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၅၅ - ၁၇:၅၀ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၇:၅၀ - ၁၈:၂၀ | Grade – 7 | သမိုင်း၊ သိပ္ပံ |

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးဇော်ဟိန်း | ညွှန်ကြားရေးမှူးချုပ် ပြည်ထောင်စုလွှတ်တော်ရုံး |
| (၂) | ဒေါက်တာသန်းသန်းဝင်း | ပါမောက္ခချုပ် မုံရွာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန |

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၁၄˚C | / ၂၉˚C |
| ရန်ကုန် | ၁၆˚C | / ၃၂˚C |
| မန္တလေး | ၁၅˚C | / ၃၁˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အငွေ့မအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ၏လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ အငွေ့မအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ရုံး၌ ကျင်းပသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအတွင်းရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ၊ ဗဟိုအထောက်အကူပြုရေးရာဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီးဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အမျိုးသားသွေးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သွေးလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင်များအား သွေးအမျိုးအစားခွဲခြင်း၊ ကျန်းမာရေးဆိုင်ရာစစ်ဆေးခြင်းများ ဆောင်ရွက်ပေးနေမှုနှင့် ရန်ကုန်တိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ သွေးအလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး သွေးလှူရှင်များအတွက် အာဟာရဖြည့်စွက်စာများ၊ တီရှပ်အင်္ကျီများ၊ သောက်ရေသန့်နှင့် ထမင်းဘူးများပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် (၃၁) ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဒုတိယဝန်ကြီးက (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် National Fitness ဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများ ပျော်ပျော်ရွှင်ရွှင်စည်းစည်းလုံးလုံးဖြစ်စေရေး၊ တက်ကြွရွှင်လန်းစွာ မိမိတို့တာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရေးကို ရည်ရွယ်ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအဆင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများအဖြစ် မီတာ (၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀) အပြေးပြိုင်ပွဲ၊ လွန်ဆွဲ(ကျား၊ မ)နှင့် ထုပ်ဆီးတိုး(မ) စသည့် အားကစားပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းများကို ဝန်ကြီးဌာနများသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ Mass Sport ဖြစ်သည့် လူထုအားကစားလှုပ်ရှားမှုဒီဇင်ဘာလမ်းလျှောက်ပွဲနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစားပွဲများတွင် စည်းစည်းရုံးရုံးပါဝင်ဆင်နွှဲပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများနှင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## အင်အားအနည်းငယ်ရှိသောမြေလျှင်တစ်ခုလှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၂

ယနေ့နံနက် ၀၁ နာရီ ၂၅ မိနစ် ၀၆ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ တောင်-အနောက်တောင်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တီးတိန်မြို့၏ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၄၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၄ ဒီဂရီ၊ အနက် ၆၄ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေလျှင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"တိုင်းပြည်၏အနာဂတ်ကောင်းကျိုးအတွက် ကြိုးပမ်းထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းတွေကိုခြိမ်းခြောက်ဖမ်းဆီးသတ်ဖြတ်နေတဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ၃-၁၂-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၀-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ကြိုတင်မြော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် ရွေးထွေးတဲ့ကမ်းလင့်ချက်"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။



# ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါဟူစိန်အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန် (န)ဝါဟူစိန်အား ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပန်းဝါသည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဘုံအကျိုးစီးပွားဖြစ်ထွန်းစေမည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင် လက်ခံတွေ့ဆုံ



နေပြည်တော် ဒီဇင်ဘာ ၂

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရက်စ်နောဂေါ့စ်ခ်မြို့အခြေစိုက် မော်စကိုခရိုင်ဆိုင်ရာ မြန်မာဂုဏ်ထူးဆောင်ကောင်စစ်ဝန်နှင့် ရော့စ်ကွန်ဂရက် ဖောင်ဒေးရှင်း၏ကြီးကြပ်ရေးဘုတ်အဖွဲ့ဝင် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ အရှေ့တောင်အာရှစီမံကိန်းများညှိနှိုင်းရေးမှူး မစ္စတာဆာဂေး ရှတီရော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့တို့အကြား လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုစီမံချက်များ၏ဖြစ်ပေါ်တိုးတက်မှု၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်များတက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများ အလုံးစုံပြီးစီးရေးဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၂

စက်မှုဝန်ကြီးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဖွဲ့အစည်း Rostec ၏ ကိုယ်စားလှယ် Mr. Pavel E. Saplin နှင့် Tyazhpromexport (TPE) Co., Ltd. မှ Chief Engineer Mr. Aleksandr Senin တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)ရှိ လေသန့်စင်အလုပ်ရုံလည်ပတ်နိုင်ရေးအတွက် TPE Co., Ltd. မှ အင်ဂျင်နီယာပညာရှင်များလာရောက်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု၊ လေသန့်စင်အလုပ်ရုံရှိ ကွန်ပရက်ဆာများ စမ်းသပ်လည်ပတ်ခဲ့မှု၊ လေသန့်စင်အလုပ်ရုံတွင် ပိုက်လိုင်းများ သန့်ရှင်းရေးပြုလုပ်ရန်အတွက် လိုအပ်သော ဓာတုပစ္စည်းများနှင့် ရေငွေ့စုပ်ယူဖယ်ထုတ်ပစ္စည်း (Molecular Sieve)များအချိန်မီရောက်ရှိရေး၊ လေသန့်စင်အလုပ်ရုံတစ်ခုလုံးအား သတ်မှတ်အချိန်အတွင်း စမ်းသပ်လည်ပတ်မောင်းနှင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လေသန့်စင်အလုပ်ရုံမှ ဆေးဝါးသုံးအောက်ဆီဂျင်များထုတ်လုပ်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်နည်းပညာတက္ကသိုလ် (National University of Science and Technology – MISiS) နှင့် Stalproekt Co., Ltd. တို့မှ ပါမောက္ခ၊ ပညာရှင်များလာရောက်၍ ရိုးမတ်နည်းပညာအသုံးပြု သံရည်ကျိုအလုပ်ရုံလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်မည့်အခြေအနေ၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများအလုံးစုံပြီးစီးရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ငွေကြေးအကူအညီ အထောက်အပံ့ရရှိရေးဆိုင်ရာကိစ္စရပ်များကို ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းကြီးကြပ်မှုကော်မတီအဖွဲ့များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ မြဝတီ

# (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂

(၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ (၂၄)ကြိမ်မြောက် မြန်မာ့တိုင်းရင်း ဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒေါက်တာသက်ခိုင်ဝင်း၊ ဆပ်ကော်မတီများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက (၂၄)ကြိမ်မြောက်ကျင်းပမည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ရောဂါရှာဖွေကုသနည်းစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်စေရန်၊ ပြည်သူလူထုအနေဖြင့် ပတ်ဝန်းကျင်ရှိ အပင်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ၏ ဆေးဖက်ဝင်ပုံကိုသိရှိနိုင်စေရန်၊ တိုင်းရင်းဆေးပညာဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ ရိုးရာတိုင်းရင်းဆေးပညာနည်းစနစ်များထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အားလုံးဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက နှီးနှောဖလှယ်ပွဲကြီး အောင်မြင်ခမ်းနားစွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအလိုက်ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ယခုနှစ်ညီလာခံနှင့် နှီးနှောဖလှယ်ပွဲကျင်းပသွားမည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဦးစီးကော်မတီဥက္ကဋ္ဌက တင်ပြချက်များအပေါ်ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ မြဝတီ

# မိုးကောင်းမြို့နယ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၊ ရပ်ကွက်များအတွင်း မဲဆန္ဒရှင်စာရင်းကွင်းဆင်းတိုက်ဆိုင်စစ်ဆေးနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့်တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မိုးညှင်းခရိုင်အတွင်း ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိုးကောင်းမြို့နယ်၊ စံပါရီကွက်သစ်ရပ်ကွက်နှင့် အောင်မင်္ဂလာရပ်ကွက်များအတွင်းရှိနေအိမ်များအား ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်းအဖွဲ့တို့က တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးဆောင်ရွက်ပေးနေမှုအခြေအနေများ၊ မဲစာရင်းမှန်ကန်မှုရှိ/မရှိ တိုက်ဆိုင်စစ်ဆေးနေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ရပ်ကွက်များအတွင်း မဲဆန္ဒရှင်စာရင်းကွင်းဆင်းတိုက်ဆိုင်စစ်ဆေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ်၊ ဘီတွတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်







တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် လပွတ္တာမြို့နယ်၊ ဘီတွတ်ကျေးရွာရှိ သာသနဝ့ဇေယျုံကျောင်းတိုက်၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၆၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၂၄၁ ဦး၊ ခွဲစိတ်ရောဂါ ၃၂ ဦး၊ သားဖွား/မီးယပ်ရောဂါ၄၀ဦး၊ကလေးရောဂါ ၂၉ ဦး၊ အရိုးရောဂါ ၉၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၄၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၆ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၅၆၄ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၉ ဦး၊ မျက်စိခွဲစိတ်ကုသလူနာ ၅ ဦး၊ သွားနုတ်/သွားဖာ ၁၉ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၉ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေး လူနာ ၂၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အဆိုပါကျောင်းတိုက်၌ ဖွင့်လှစ်ထားသော လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာမှ ကျောင်းသား၊ ကျောင်းသူများအား သွားနှင့်ခံတွင်းရောဂါအကြောင်း သိကောင်းစရာအသိပညာပေးဟောပြောဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်–

"ကျွန်တော့်နာမည်က ဦးတင်ဆန်းဖြစ်ပါတယ်။ ကျွန်တော်က ဘီတွတ်ရွာမှာပဲနေပါတယ်။ နံရိုးနာကျင်ကိုက်ခဲမှုရယ်၊ မျက်စိရယ် လာပြတာပါ။ အဆင်ပြေပါတယ်၊ တိုက်ရိုက်လာကုသပေးတဲ့အတွက် စရိတ်ကအစ သက်သာတာရယ်၊ ကျန်းမာရေးဝန်ဆောင်မှုတွေကောင်းမွန်တာကြောင့် အများကြီးဝမ်းသာပါတယ်။ သွားပြရမယ်ဆိုရင် ခရီးစရိတ်၊ စားစရိတ်၊ သွားစရိတ်တွေက အများကြီးအခက်အခဲရှိတယ်။ လူမျိုးလည်းမခွဲခြားဘူး။ လူတန်းစားလည်းမခွဲခြားဘူး။ ကုသရတဲ့နေရာကလည်းကျယ်ဝန်းတယ်။ ညှော်ခံကြိုဆိုမှုနဲ့ ဆရာဝန်ကြီးတွေရဲ့ နွေးထွေးစွာစောင့်ရှောက်မှုတို့ကြောင့် လူတွေအားလုံးက လာရောက်ကုသကြပါတယ်။ ဦးစီးလုပ်ဆောင်ပေးကြတဲ့ ဒီက





နယ်လှည့်ဆေးကုသရေးအဖွဲ့တွေ၊ ဆရာဝန်ကြီးတွေအားလုံးကို ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများကိုယ်စား အများကြီး ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။ (၁၀၀)

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA) ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်(သောကြာနေ့)ညတွင် ဓာတ်ပြားရ ရေဒီယိုတေးသီချင်းများကို လက်ဆင့်ကမ်းတင်ဆက်မှုအနေဖြင့် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်ဓာတ်ပြားရဂန္ထဝင်အဆိုတော်ကြီးများနှင့် တက်သစ်စအဆိုတော်များစုပေါင်း၍ "ဆောင်းနတ်မယ်" လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်–

(၅-၁၂-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "ဆောင်းနတ်မယ်" လက်ဆင့်ကမ်းတေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ဒေါသစိတ်ကလေး ၃၆၀ မိနစ် | ပြင်ပအဆိုရှင် |
| ၂။ | မောင်မောင့်အပေါ်ထားတဲ့မေတ္တာ | ပြင်ပအဆိုရှင် |
| ၃။ | တကယ်ချစ်ရဲ့လား | ပြင်ပအဆိုရှင် |
| ၄။ | ဆောင်းနတ်မယ် | ပြင်ပအဆိုရှင် |
| ၅။ | ချစ်သောမောင် | ပြင်ပအဆိုရှင် |
| ၆။ | တို့များအရွယ်ညောင်းခဲ့ရင် | ပြင်ပအဆိုရှင် |
| ၇။ | ချစ်သူချိန်းတော့လာမှာပေါ့ | ပြင်ပအဆိုရှင် |
| ၈။ | ပျော်ပျော်ရွှင်ရွှင်ပြုံးပန်းဆင် | ပြင်ပအဆိုရှင် |
| ၉။ | ဖူးစာလမ်းဆုံ | ပြင်ပအဆိုရှင် |
| ၁၀။ | လူမရောက်လွှာမစေ | ပြင်ပအဆိုရှင် |

# လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး

ဇော်မျိုးမင်း

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့(International Day of Persons with Disabilities)ကို နှစ်စဉ် ဒီဇင်ဘာလ ၃ ရက်နေ့တိုင်း ကမ္ဘာတစ်ဝန်းလုံးရှိ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးကို မြှင့်တင်ရန်ရည်ရွယ်၍ ကျင်းပလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ၂၀၂၅ ခုနှစ်အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်သည် "Fostering disability–inclusive societies for advancing social progress" "လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများမြှင့်တင်ပေး"ဟူ၍ ဖြစ်သည်။ ယခုအထိမ်းအမှတ်သည် ပိုမိုတရားမျှတ၍ လူတိုင်းပါဝင်နိုင်သော ကမ္ဘာတစ်ခုကို ဖော်ဆောင်ရန်အတွက် နိုင်ငံတကာကတိကဝတ်များအပေါ် အခြေခံထားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရာတွင် မသန်စွမ်းသူများ၏ ပါဝင်ဆောင်ရွက်မှု အပြည့်အဝလိုအပ်ကြောင်း အလေးပေးဖော်ပြထားသည်။

**မသန်စွမ်းသူဆိုသည်မှာ**

မြန်မာနိုင်ငံတွင် ကိုယ်လက်အင်္ဂါချို့ယွင်းအားနည်းသူ၊ အမြင်အာရုံချို့ယွင်းအားနည်းသူ၊ အပြော/အကြားအာရုံချို့ယွင်းအားနည်းသူ၊ ဉာဏ်ရည်ချို့ယွင်းအားနည်းသူများကို မသန်စွမ်းသူဟု ယေဘုယျသတ်မှတ်ထားပြီး ကမ္ဘာတွင်တော့ ယင်းအမျိုးအစားလေးမျိုးအပြင် လူ့အဖွဲ့အစည်း၏ တစ်နည်းမဟုတ်တစ်နည်း ခွဲခြားဆက်ဆံမှုကိုခံကြရသော လူပုလေးများ၊ နှလုံးရောဂါခံစားနေရသူများ၊ ကင်ဆာရောဂါခံစားနေရသူများ၊ နာတာရှည်ရောဂါ ခံစားနေရသူများ၊ အေအိုင်ဒီအက်ရောဂါ ဝေဒနာခံစားနေရသူများနှင့် ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများကိုပါ မသန်စွမ်းသူများစာရင်းတွင် ထည့်သွင်းလက်ခံထားသည်ကိုတွေ့ရှိရသည်။ ၂၀၁၅ ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ(၂)(က)တွင် မသန်စွမ်းသူ ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည်ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူကိုဆိုသည်ဟု ပြဋ္ဌာန်းထားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၂၃ ခုနှစ် မတ်လထုတ်ပြန်ကြေညာချက်အရ ကမ္ဘာ့လူဦးရေ၏ ၁၃၀၀ သန်း(၁၆ ရာခိုင်နှုန်း)သည်တစ်နည်းမဟုတ်တစ်နည်း မသန်စွမ်းသူများဖြစ်သည်ဟု ဆိုထားရာ လူခြောက်ဦးလျှင်တစ်ဦးနှုန်း မသန်စွမ်းသူဟုဆိုနိုင်သည်။ ယင်းရာခိုင်နှုန်းကို ကိုးကား၍ တွက်ချက်မည်ဆိုလျှင် မြန်မာနိုင်ငံလူဦးရေ ၅၁ ဒသမ ၃ သန်းတွင် ၈ သန်းကျော်သည် တစ်နည်းမဟုတ်တစ်နည်း မသန်စွမ်းသူများဟု ခန့်မှန်းတွက်ချက်ရသည်။

**ဥပဒေ၏ သမိုင်းကြောင်း**

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ်ဒီဇင်ဘာလ ၃ ရက်တွင် နိုင်ငံတော်အဆင့် ကျင်းပခဲ့ရာ ယခုနှစ်တွင်(၃၂)ကြိမ်မြောက်ရှိပြီဖြစ်သည်။ လူမှုအသိုက်အဝန်းအတွင်း မသန်စွမ်းသူများ တန်းတူညီမျှပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ ခွဲခြားဆက်ဆံခံရမှုနှင့် မညီမျှမှုမရှိစေရေး၊ မသန်စွမ်းသူများ၏ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့်ကိုယ်၊ စိတ်ကျန်းမာကြံ့ခိုင်ရန် ပံ့ပိုးဆောင်ရွက်မှုကို မြှင့်တင်ပေးရေးတို့အတွက် အစိုးရအဆက်ဆက်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။ မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေး အက်ဥပဒေ(၁၉၅၈ ခုနှစ်)ကို ၁၉၅၈ ခုနှစ် အက်ဥပဒေ အမှတ် ၃၃ ဖြင့် ၁၉၅၈ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်လက်ထက် ၂၀၁၅ ခုနှစ် ဇွန်လ ၅ ရက်တွင် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေကိုပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၀ ဖြင့် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး ယခင်မသန်မစွမ်းဖြစ်လာသူများ အလုပ်ရရှိရေးအက်ဥပဒေ (၁၉၅၈ ခုနှစ်)ကို ရုပ်သိမ်းခဲ့သည်။

မြန်မာနိုင်ငံတွင် မသန်စွမ်းသူများ၏အရေးကို ခေတ်အဆက်ဆက်မှ ယနေ့တိုင်အောင် ဆောင်ရွက်နေဆဲဖြစ်သည်။ "မသန်မစွမ်း" ဆိုသော အသုံးအနှုန်းသည် သန်မာမှုမရှိ၊ စွမ်းဆောင်နိုင်မှုလည်း မရှိဟု အဓိပ္ပာယ်သက်ရောက်နေ၍။ ထို့ကြောင့်



"မသန်မစွမ်း"အစား"မသန်စွမ်း"ဆိုသည့် စကားကို ပြောင်းလဲခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၁၉၉၄ ခုနှစ်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့မှစတင်ပြီး "မသန်စွမ်း"ဟု တရားဝင်သတ်မှတ်ခဲ့သည်။ မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေပုဒ်မ(၂)(ခ)တွင် **မသန်စွမ်းမှု** ဆိုသည်မှာ ပတ်ဝန်းကျင်ရုပ်ပိုင်းဆိုင်ရာ၊ စိတ်သဘောထားအမြင်ပိုင်းဆိုင်ရာနှင့် အခြားအတားအဆီးများကြောင့် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်လှုပ်ရှားနိုင်မှုမရှိခြင်းကိုဆိုသည်။ ပုဒ်မ(၂) (ဂ) **မသန်စွမ်းသူများ၏အခွင့်အရေး**ဆိုသည်မှာ ဤဥပဒေ၌ပါရှိသော မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကိုဆိုသည်။ ပုဒ်မ(၂)(င)တွင် **ခွဲခြားဆက်ဆံမှု** ဆိုသည်မှာ မသန်စွမ်းမှုကိုအကြောင်းပြု၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ပြည်သူ့ရေးရာနှင့် အခြားနယ်ပယ်အသီးသီးတွင် အခြားသူများနည်းတူ အသိအမှတ်ပြုရေးနှင့် သာတူညီမျှရရှိခံစားရေးတို့ကို အဟန့်အတားဖြစ်စေသည့် ခွဲခြားခြင်း၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုနိုင်ရန် ဘေးဖယ်ချန်လှပ်ထားခြင်းနှင့် ပါဝင်လှုပ်ရှားဆောင်ရွက်မှုကို ကန့်သတ်ထားခြင်းတို့ကိုဆိုသည်။

**တန်းတူအခွင့်အရေးဆိုသည်မှာ**

မြန်မာနိုင်ငံက ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးအတည်ပြုထားသည့်မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါမသန်စွမ်းသူများ၏နိုင်ငံရေးနှင့် ပြည်သူရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အရေးများ အပိုဒ် (၂၉)တွင် စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများနိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် အများနည်းတူ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှုသေချာစေရန် စီမံဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများ၏တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်ရရှိမှု သေချာစေရေးအတွက် မဲပေးရေးလုပ်ငန်းအစီအစဉ်များ၊ အကူအညီပေးမှုများနှင့် အသုံးအဆောင်ပစ္စည်းများသည် မသန်စွမ်းသူများအတွက် သင့်လျော်အဆင်ပြေစေသည့် အနေအထားဖြစ်စေရန် ဆောင်ရွက်ပေးခြင်း၊ ရွေးကောက်ပွဲနှင့် ပြည်သူဆန္ဒခံယူပွဲတို့တွင် မသန်စွမ်းသူများအား လျှို့ဝှက်ဆန္ဒမဲပေးနိုင်သည့် အခွင့်အရေးကို ခြိမ်းခြောက်ခံရခြင်းမရှိစေဘဲ ဆောင်ရွက်နိုင်ရန် ကာကွယ်ပေးခြင်း၊ မသန်စွမ်းသူများအနေဖြင့် မဲထည့်ရာတွင် ၎င်းတို့စိတ်ကြိုက်ရွေးချယ်ခေါ်ဆောင်လာသော ပုဂ္ဂိုလ်၏အကူအညီဖြင့် မဲထည့်ခြင်းကို ခွင့်ပြုပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်းတို့ ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်။

မသန်စွမ်းသူများသည် အခြားသူများနည်းတူ ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိစေရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူထုရေးရာနှင့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ၏လှုပ်ရှားမှုများနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ မသန်စွမ်းအဖွဲ့အစည်းများ ဖွဲ့စည်းထူထောင်ခြင်းနှင့် နိုင်ငံတကာ မသန်စွမ်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းတို့ပါဝင်စေရမည်။ အာဆီယံမသန်စွမ်းသူများဆိုင်ရာ ဆယ်စုနှစ်လုပ်ငန်းစဉ်မှ ဦးစားပေးလုပ်ငန်းစဉ်(၆)တွင် "မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ ကိုယ်တိုင်ဆန္ဒမဲပေးခွင့်နှင့် ရွေးကောက်ခံပိုင်ခွင့်အပါအဝင် နိုင်ငံရေးနယ်ပယ်တွင် အပြည့်အဝပါဝင်လာနိုင်စေရေး သေချာစွာစီမံဆောင်ရွက်ပေးရန်" ဟုလည်းကောင်း၊ ဘာလီကြေညာချက်အမှတ်စဉ်(၇)တွင် မသန်စွမ်းသူများ၏ နိုင်ငံ့အရေးအရာများတွင် ပါဝင်ဆောင်ရွက်ခွင့်ဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်၍ "မသန်စွမ်းသူများသည် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်နှင့် နိုင်ငံတော်အဆင့်နှစ်ရပ်လုံးတွင် နိုင်ငံရေးအရ တန်းတူညီတူဖြစ်မှုအပြင် ရွေးကောက်ပွဲများတွင် ဦးဆောင်ခွင့်၊ ပါလီမန်အမတ်များအဖြစ် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ခွင့်များရရှိရေးအတွက် လိုအပ်သည့် အထောက်အကူများရရှိရေး တိုက်တွန်းဆောင်ရွက်သွားရန်" ဟုလည်းကောင်း ဖော်ပြထားသည်။

**ဥပဒေဖြင့် ကာကွယ်ပေးထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ (၃၂)တွင် နိုင်ငံတော်သည်မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်၊ မသန်မစွမ်းဖြစ်လာသော တပ်မတော်သားများအား သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်နိုင်စေရန်နှင့် အသက်မွေးပညာကို အခလွတ်သင်ယူနိုင်စေရန် စီမံဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ (၃၄) တွင် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့် သေဆုံးသော သို့မဟုတ် ကျဆုံးသော တပ်မတော်သားများ၏ မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးတို့အတွက် ဥပဒေပြဋ္ဌာန်းရမည်ဟု လည်းကောင်း ပြဋ္ဌာန်းထားပြီးဖြစ်ရာ မသန်စွမ်းသူများအတွက် ဥပဒေကြောင်းအရ အခိုင်အမာအာမခံချက်ပေးထားကြောင်း တွေ့ရှိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ (၃၄၇)တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာရယူပိုင်ခွင့်ပေးရမည်ဟုလည်းကောင်း၊ ပုဒ်မ (၃၄၉) တွင် နိုင်ငံသားများသည် ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှု စသည့်လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းရရှိစေရမည်ဟုလည်းကောင်း၊ ပုဒ်မ (၃၆၉) (က)တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားရာ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်အသီးသီးတွင် မသန်စွမ်းသူများကို ကန့်သတ်ချုပ်ချယ်ထားသည့် စည်းမျဉ်းဥပဒေများမရှိဘဲ မည်သည့်နယ်ပယ်တွင်မဆို လွတ်လပ်စွာပါဝင်နိုင်ကြောင်းတွေ့ရှိရသည်။

**အခြေခံအဆောက်အအုံများ**

အခြေခံအဆောက်အအုံများဖြစ်သည့် လူသွားစင်္ကြံ၊ ဘူတာရုံ၊ သင်္ဘောဆိပ်၊ လေဆိပ်များ၊ စက်ရုံ၊ အလုပ်ရုံ၊ အစိုးရအဖွဲ့ရုံးစိုက်ရာရုံးဌာနများ၊ ဘဏ်များနှင့် သန့်စင်ခန်း၊ အိမ်သာများတွင် မသန်စွမ်းသူများအနေဖြင့် အထောက်အကူပစ္စည်းတစ်ခုခုကို အသုံးပြု၍လည်းကောင်း၊ဘီးတပ်ကုလားထိုင်ဖြင့်လည်းကောင်း လွယ်လင့်တကူ သွားလာအသုံးပြုနိုင်အောင် ဆင်ခြေလျှောအတက်အဆင်းများ၊ လက်ကိုင်တန်းများကို အဆောက်အအုံဆောက်လုပ်စဉ်ကတည်းက ထည့်သွင်း ဆောက်လုပ်ထားရမည်။ **စာမျက်နှာ ၁၄ သို့** ●

● စာမျက်နှာ ၁၃ မှအဆက်

ထို့ပြင်မက မီးရထား၊ ကား၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများတွင်လည်း မသန်စွမ်းသူများအဆင်ပြေချောမွေ့စွာ ခရီးသွားနိုင်အောင် ခုံနေရာသတ်မှတ်ပေးထားခြင်း၊ စနစ်တကျဝန်ဆောင်မှုပေးခြင်းများဆောင်ရွက်ပေးရမည်။ စာကြည့်တိုက်၊ ရုပ်ရှင်ရုံ၊ အားကစားကွင်းများ၊ မဲရုံများတွင်လည်း လွယ်ကူသက်သာစွာ လာရောက်နိုင်အောင် စီစဉ်ထားရှိရမည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအချို့တွင် လူသွားလမ်းစကြံများ၊ လေဆိပ်၊ ဘူတာရုံများတွင်လည်း အမြင်အာရုံချို့ယွင်းသူများ သွားလာနိုင်အောင် အမှတ်အသားများထည့်သွင်းပြုလုပ်ထားခြင်း၊ ဘီးတပ်ကုလားထိုင်ဖြင့်သွားလာရသူများအတွက် သီးသန့်ဓာတ်လှေကားစီစဉ်ပေးထားခြင်း၊ သီးသန့်ဝင်ပေါက်၊ ထွက်ပေါက်များစီစဉ်ပေးထားခြင်းများရှိသည်ကို တွေ့ရသော်လည်း ပြုလုပ်ပေးနိုင်သည့် နိုင်ငံအရေအတွက်အားဖြင့် နည်းလွန်းကြောင်း တွေ့ရှိရသည်။

**အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးခြင်း**

မသန်စွမ်းသူများတွင် မွေးရာပါမသန်စွမ်းခြင်းနှင့် ထိခိုက်ဒဏ်ရာရောဂါတစ်ခုခုကြောင့် မသန်စွမ်းဖြစ်သွားခြင်းတို့ရှိရာ ၎င်းတို့ကို ကိုယ့်ဘဝကိုယ့်ဝမ်းစာအတွက် အသက်ရှင်သန်ရပ်တည်နိုင်အောင် အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးရမည်ဖြစ်သည်။ မသန်စွမ်းဟုဆိုရာတွင် လူအများ၏စိတ်ထဲ၌ အရပ်သားမသန်စွမ်းသူများကိုသာ ပြေးမြင်တတ်ကြသည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် ပြည်တွင်းပြည်ပရန်များကို ကာကွယ်နေရသော တပ်မတော်သားများတွင်လည်း ထိခိုက်ဒဏ်ရာကြောင့် မသန်စွမ်းဖြစ်ရသူများလည်း ရှိသည်။ မသန်စွမ်းတပ်မတော်သားများအတွက် တပ်မတော်အသက်မွေးမှုအတတ်ပညာသင်စခန်းများတွင် ဓာတ်ပုံရိုက်၊ ပိုးဇာပုံနှိပ်၊ ကွန်ပျူတာ၊ ဇာထိုး ပန်းထိုး၊ ကြိမ်ထိုးဝါးရက်၊ ပန်းရန်၊ ဆံသ၊ နာရီပြင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာများကို သင်ကြားပေးလျက်ရှိသည်။

မသန်စွမ်းသူတို့ဘဝ မြင့်မားတိုးတက်ရန် လူမှုဝန်ထမ်းကဲ့သို့ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းကာ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်နေသည်ကိုလည်း တွေ့မြင်နေရသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုရေးအဖွဲ့အစည်းများနှင့်လက်တွဲ၍ သက်ကြီးမသန်စွမ်းသူများအား အဆင့်မြင့်စက်ချုပ်၊ ဆံသ၊ အလှပြင် စသည့်သင်တန်းများဖွင့်လှစ်လေ့ကျင့်ပေး၍ ကိုယ်ပိုင်လုပ်ငန်းများထူထောင်နိုင်သည်အထိ အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ အမြင်အာရုံ၊ အကြားအာရုံချို့ယွင်းသူများအတွက် ကွန်ပျူတာ၊ စက်ချုပ်အတတ်ပညာ၊ ကြိမ်ထိုး၊ ပန်းထိုး၊ အနှင်းအနှိပ်အတတ်ပညာများကို သင်ကြားပေးလျက်ရှိရာ မသန်စွမ်းသူများအတွက် နေ့စဉ်ဘဝမိသားစုဝင်ငွေကောင်းသဖွယ်ရရှိလာစေသည်။ ထို့ပြင် မသန်စွမ်းသူပြုစုစောင့်ရှောက်ရေးဂေဟာနှင့် သင်တန်းကျောင်းရှစ်ကျောင်းကိုလည်း ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း**

မသန်စွမ်းသူများသည်လူသားများ၊ တစ်နည်းအားဖြင့် နိုင်ငံသားများဖြစ်ခြင်းကြောင့် အများနည်းတူ ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝရရှိခွင့်၊ တန်းတူပညာသင်ကြားခွင့်၊ အလုပ်လုပ်ကိုင်ခွင့်၊ လွတ်လပ်လွယ်ကူစွာ လှုပ်ရှားသွားလာနိုင်ခွင့်နှင့် လူမှုရေးနှင့် ဖွံ့ဖြိုးရေးနယ်ပယ်များတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်များ လိုအပ်သည်။ ယနေ့နိုင်ငံတော်တွင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်သူအများပါဝင်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကျင်းပပြီး နိုင်ငံတော်၏ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လျက်ရှိချိန်တွင် မသန်စွမ်းသူများ၏အရေးကိစ္စကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် အရေးကြီးပြီး လူအများပျော်ရွှင်သလို၊ အဆင်ပြေသလို မသန်စွမ်းသူများကိုလည်းပျော်ရွှင်၊ အဆင်ပြေအောင်ခွဲခြားဆက်ဆံမှုများ လျော့နည်းပပျောက်သွားအောင် လုပ်ဆောင်သွားရမည်ဖြစ်သည်။

**ခွဲခြားဆက်ဆံမှုမရှိသည့် လူမှုပတ်ဝန်းကျင်**

ယနေ့ကမ္ဘာကြီးတွင် မသန်စွမ်းသူများအတွက် မည်သို့ပင်အခွင့်အရေးများ ဖန်တီးပေးနေစေကာမူ မသန်စွမ်းသူများမှာ လူမှုဝန်းကျင်တွင် အခြားသူများနှင့် တန်းတူအခွင့်အရေးရှိရန် အခြေအနေနည်းပါးနေဆဲ ခွဲခြားဆက်ဆံမှုခံနေရဆဲဖြစ်သည်။ ကုလသမဂ္ဂက ချမှတ်ထားသော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁၇)ရပ်အနက် ပန်းတိုင်(၈)တွင် မသန်စွမ်းသူများအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်ခလစာတန်းတူရရှိမည့် အခွင့်အလမ်းများဖန်တီးခြင်းနှင့် လူငယ်များအလုပ်လက်မဲ့ဖြစ်မှုလျှော့ချရေး၊ အလုပ်သမားဈေးကွက်တွင် ဝင်ဆံ့နိုင်ရေးတို့ပါဝင်ပြီး ပန်းတိုင်(၁၀)တွင် မသန်စွမ်းသူများကို လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကဏ္ဍများတွင် ပါဝင်လုပ်ဆောင်နိုင်စေရန်ဖော်ပြထားသည်။ ထို့ကြောင့် မသန်စွမ်းသူများအား လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝပါဝင်လာနိုင်ပြီး တူညီသောအခွင့်အရေးများရရှိလာစေရန်အတွက် လူ့အသိုက်အဝန်းတစ်ခုလုံးက ဝိုင်းဝန်းပံ့ပိုးကူညီကြရမည်ဖြစ်သည်။

**ကုန်ထုတ်စွမ်းအားရှိသောနိုင်ငံဖြစ်ဖို့လို**

ကျွန်တော်တို့မြန်မာနိုင်ငံသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ( Agrobased Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေးဆောင်ရွက်သွားရန် ဦးတည်လုပ်ဆောင်လျက်ရှိရာ မသန်စွမ်းသူရှစ်သန်းကျော်၏ လုပ်အားများသည်လည်း တိုင်းပြည်အနာဂတ်အတွက် အရေးပါသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်လျက်ရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံတော်ရှေ့သီးဖို့ကုန်ထုတ်လုပ်မှုအားပေးစို့ဟူသော ဆောင်ပုဒ်အတိုင်း ကုန်ထုတ်လုပ်မှုကဏ္ဍများ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍများတွင် မသန်စွမ်းသူများ၏ အတွေ့အကြုံ၊ ဗဟုသုတနှင့် စွမ်းအားများကို အံဝင်ခွင်ကျဖြစ်အောင် ပါဝင်အားဖြည့်အသုံးပြုနိုင်မည်ဆိုပါက ကုန်ထုတ်လုပ်မှုတိုးတက်ရုံသာမက နိုင်ငံတော်၏ ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး(GDP) ကိုပါ တိုးတက်လာစေမည်ဖြစ်သည်။

**လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် သက်ဆိုင်**

မသန်စွမ်းသူများ၏ ဘဝကိုမြင့်မားတိုးတက်အောင် လုပ်ဆောင်ပေးရာတွင် ဥပဒေများထုတ်ပြန်ပြဋ္ဌာန်းပေးခြင်း၊ လူမှုဖူလုံရေးအတွက်ပံ့ပိုးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများသင်ကြားပေးခြင်း၊ မသန်စွမ်းသူများအပေါ် စာနာနားလည်လက်ခံပေးနိုင်သည့် ခွဲခြားဆက်ဆံမှုမရှိသည့် လူမှုပတ်ဝန်းကျင်တစ်ခု ပေါ်ပေါက်လာရေးသည်လည်း အလွန်အရေးကြီးသည်။ ထို့ပြင်မက မသန်စွမ်းသူများကို အခြားသောသူများနည်းတူ သွားလာနေထိုင်လုပ်ကိုင်နိုင်ရေးအတွက် အခြေခံအဆောက်အအုံများမှစ၍ လူမှုစီးပွားဘဝမြင့်မားတိုးတက်မှုအဆုံး ဘဝတစ်သက်တာလုံး သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးခြင်းသည် လူသားတို့၏ကမ္ဘာကို လှပအောင်အလှဆင်ခြင်းဖြစ်ပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ မသန်စွမ်းသူများ၏အရေးကိစ္စသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပရဟိတလုပ်ငန်းဆောင်ရွက်နေသူများ၊ အဖွဲ့အစည်းများနှင့်သာ သက်ဆိုင်သည့် သာမညကိစ္စတစ်ရပ်မဟုတ်ဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံးနှင့် သက်ဆိုင်သည့် အဓိကကိစ္စတစ်ခုဖြစ်ကြောင်း သတိပြုမိဖို့လိုသည်။

အချုပ်အားဖြင့်ဆိုရသော် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့သည် လူ့အဖွဲ့အစည်းအဆင့်တိုင်းတွင် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် လူမှုစီးပွားဘဝကို မြှင့်တင်ပေးပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဘဝကဏ္ဍပေါင်းစုံတွင် မသန်စွမ်းသူများပါဝင်ခွင့်ရရှိလာအောင် မြှင့်တင်ပေးရန် အသိပညာတစ်ခုတိုးပွားလာစေပြီး လက်တွေ့လုပ်ဆောင်ရန်အတွက်လည်း သတိတရားရစေသည့်နေ့တစ်နေ့ဖြစ်သည်။ "လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့ အစည်းများမြှင့်တင်ပေး" ဟူသော ယခုနှစ် ၂၀၂၅ ခုနှစ်အတွက် သတ်မှတ်ထားသည့် ဆောင်ပုဒ်သည် မသန်စွမ်းသူများကို လူမှုဘဝအသီးသီးမှ ဖယ်ကြဉ်မထားရန်၊ ခွဲခြားဆက်ဆံမှုမပြုရန်၊ ၎င်းတို့ကိုတူညီသောအခွင့်အရေးပေးရန်နှင့် ၎င်းတို့၏စွမ်းအားများကို အံဝင်ခွင်ကျဖြစ်အောင် အကျိုးရှိရှိ အသုံးပြုတတ်စေရန် မီးမောင်းထိုးပြထားသည်။ မသန်စွမ်းသူများကို အခြားသူများနည်းတူ သာတူညီမျှအခွင့်အရေးများရရှိစေရန်ဆောင်ရွက်ပေးခြင်း၊ ၎င်းတို့ပါဝင်သော အဖွဲ့အစည်းများကို မြှင့်တင်ပေးခြင်းဖြင့် နောင်လာမည့်အနာဂတ်တွင် မသန်စွမ်းသူတို့၏ စိတ်ပိုင်းဆိုင်ရာသာမက ရုပ်ပိုင်းဆိုင်ရာပါ ကြံ့ခိုင်ကောင်းမွန်လာကာ **"မသန်သော်လည်းစွမ်းပါသည်"**ဆိုသည့်စကားနှင့်အညီ စွမ်းအားရှင်များအဖြစ် နိုင်ငံတော်နှင့်လူမျိုးအကျိုးကို သယ်ပိုးရွက်ဆောင်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဒီဇင်ဘာလ လူထုအားကစားပွဲများကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



ပဲခူး ဒီဇင်ဘာ ၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၂ ရက် မွန်းလွဲပိုင်းတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလလူထုအားကစားပွဲများစည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒီဇင်ဘာအားကစားလကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အားလုံးပါဝင်ဆောင်ရွက်သွားနိုင်ရေး အမှာစကားပြောကြားသည်။

ထို့နောက် ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ သာယာဝတီနှင့် နတ်တလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မြို့နယ်အလိုက် ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲ ကျင်းပဆောင်ရွက်သွားမည့် အစီအမံများအားရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ပဲခူးမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ လူထုလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ ၆ ရက်၊ ၁၃ ရက်၊ ၂၀ ရက်နှင့် ၂၇ ရက်တို့၌ကျင်းပမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများ၊ စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲသူအားလုံး ကံစမ်းမဲဖောက်ပေးမည့် အစီအစဉ်များပါရှိကြောင်း သိရသည်။

ဥဩာတိုင်းသား

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ တရားတော် | ၁၃။ ၁၈:၂၀ **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ** |
| ၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင် | ၁၄။ ၁၈:၃၀ **CGTN Nature အပိုင်း(၃၀)** |
| ၃။ ၀၉:၀၀ ကျန်းမာသုတ | ၁၅။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်** |
| ၄။ ၁၀:၀၀ သီချင်းလက်ဆောင် | ၁၆။ ည ၈ နာရီသတင်းအပြီး နိုင်ငံတကာသတင်း |
| ၅။ ၁၁:၀၀ မြန်မာ့လက်သံ | ၁၇။ မိုးလေဝသသတင်း |
| ၆။ ၁၂:၀၀ ပန်းတို့၏အလှတရား | ၁၈။ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ |
| ၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ | ၁၉။ တစ်ချိန်ကသူတို့အကြောင်း |
| ၈။ ၁၄:၀၀ Movie & Movies | ၂၀။ ခရီးလည်းသွား စကားလည်းဆို |
| ၉။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင် | |
| ၁၀။ ၁၆:၀၀ နိုင်ငံတကာသတင်း | |
| ၁၁။ ၁၇:၀၀ မွေးမြူသုတ | |
| ၁၂။ ၁၈:၀၀ **မြဝတီရုပ်မြင်သံကြားသတင်း** | |

★ **စာမျက်နှာ ၁၇ မှအဆက်**

ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ ရှုံ့နှံ့လျှောက်လမ်းဆောင်ရွက်ထားရှိမှု၊ ဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုများ၊ ဒေသပန်းမျိုးများ သုတေသနစင်တာနှင့်စမ်းသပ်စိုက်ခင်းအတွင်း သုတေသနပြု စိုက်ပျိုးစမ်းသပ်ထားရှိမှု၊ ရေကန်ပတ်လမ်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှုံ့နှံ့လျှောက်လမ်းပေါ်တွင် လူအများသွားလာကြမည်ဖြစ်သဖြင့် သစ်အမျိုးအစားကောင်းများ အသုံးပြုခြင်းကျင်းရန်နှင့် ကြံ့ခိုင်သပ်ရပ်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသပန်းမျိုးများအား စနစ်တကျသုတေသနပြုလုပ်၍ အပင်သက်တမ်း၊ အပွင့်သက်တမ်းမြင့်မားစေရေး၊ ပွင့်အားကောင်းမွန်မှုရှိစေရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီးပတ်လမ်းနှင့် ခြံစည်းရိုး ဆောင်ရွက်ထားရှိမှုအား လျှောက်လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လျှောက်လမ်းနံဘေး၌ အလှပန်းမန်များ စိုက်ပျိုးသွားရန်၊ သန့်ရှင်းသာယာမှုရှိစေရေး ဆောင်ရွက်သွားရန်၊ လမ်းလျှောက်သူများ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးအတွက် လိုအပ်သည်များ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ**ကန်တော်ကြီးပတ်လမ်းခြံစည်းရိုးနှင့် လူသွားလမ်းအား ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော်အကြီးအကဲလာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူသွားလမ်းအကျယ် ၇ ပေမှ ၁၂ ပေ၊ လမ်းအရှည် ၁၉၀၀ ပေရှိ လူသွားလမ်းနှင့် ခြံစည်းရိုးအားပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ်**ကြောင်း၊ ထိုသို့လူသွားလမ်းအား ပြုပြင်တည်ဆောက်ခဲ့ခြင်းကြောင့် အများပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် ကန်တော်ကြီး ပတ်လမ်းတစ်လျှောက် အနှောင့်အယှက်ကင်းစွာ လမ်းလျှောက်ခြင်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းလက်မှတ်များ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပေးအပ်



နေပြည်တော် ဒီဇင်ဘာ ၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် "အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး" စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများနှင့်သင်တန်းဆင်းလက်မှတ်များပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးသိုက်စိုး၊ နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစ၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် သင်တန်းများပို့ချပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်စေရန် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ကာ ယနေ့ချိန်ထိ ကျေးရွာပေါင်း ၃၄၄ ရွာတွင် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းရှင်ပေါင်း ၁၇၂၀ ဦးကို မွေးထုတ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် သင်တန်းဆင်းလက်မှတ်နှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲတွင် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားများအတွက် အပ်ချုပ်စက်နှင့် ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာနှင့် မကျီးပင်ကျေးရွာ၊ ပျဉ်းမနားမြို့နယ် ပေါစံခေါ်ကျေးရွာနှင့် စက်ရုံကျေးရွာတို့မှ စီမံကိန်းသင်တန်းဆင်းများအတွက် အပ်ချုပ်စက်နှင့် ဆက်စပ်လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

ယင်းနောက် တပ်ကုန်းမြို့ "လှ"ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်း၏ "လှ" ဝါကြိတ်စက်ရုံနှင့် စက်ရက်ကန်းရုံ၌လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ်(၁၆)၌ကျင်းပသည့် ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားရာတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဓာတ်မြေသြဇာတန်ချိန် ၁ ဒသမ ၆ သန်းနှင့် ပိုးသတ်ဆေးတန်ချိန် ၃၂၀၀၀ တင်သွင်းနိုင်ရေး လျာထားသတ်မှတ်ချက်အရ ဦးဆောင်ကော်မတီအနေဖြင့် ဧပြီလမှ ဒီဇင်ဘာလအထိ ကိုးလအတွက် မြေသြဇာတန်ချိန် ၁၅၂၆၄၈ ဒသမ ၀၂ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၂၇၄၉၀ ဒသမ ၅၆ တန်ကို ကုမ္ပဏီအလိုက် သွင်းကုန်လိုင်စင်ရရှိနိုင်ရေး ထောက်ခံပေးခဲ့ပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း သေချာစိစစ်၍ သတ်မှတ်စည်းကမ်းများနှင့်အညီ သွင်းကုန်လိုင်စင်များထုတ်ပေးခဲ့ပါကြောင်း၊ ဦးဆောင်ကော်မတီ၏ ရည်ရွယ်ချက်အတိုင်း ဓာတ်မြေသြဇာများ အချိန်မီရရှိရေး၊ ဈေးနှုန်းသက်သာစေရေး၊ အရည်အသွေးမှန်ကန်စေရေးတို့အတွက် ဆိုင်ရာဌာနများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဦးဆောင်ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ထောက်ခံပေးထားသည့် တန်ချိန်များ၊ စက်တင်ဘာလအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးခဲ့သည့် တန်ချိန်များနှင့် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ယူရီးယားဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူး ရောင်းချနေမှုများအပါအဝင် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းသည့်ဒေသများတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးသည့်လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေးဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၂

နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပိုမိုမြင့်မားစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အားနည်းသည့်ဒေသများတွင် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးသည့် လုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် အသက်နှစ်လ၊ လေးလ၊ ခြောက်လ၊ ကိုးလနှင့် ၁၈ လ ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းအပြင် ကျောင်းနေအရွယ်ကလေးငယ်များအား ကျောင်းအခြေပြု ဆုံဆို့-မေးခိုင် (DT) ကာကွယ်ဆေးကိုလည်းကောင်း၊ အသက်ကိုးနှစ်မှ ၁၁ နှစ်အရွယ် အမျိုးသမီးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်-ဆုံဆို့နာ (Td) ကာကွယ်ဆေးကိုလည်းကောင်း ထိုးနှံပေးလျက်ရှိကြောင်း၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအပြင် ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုအားကောင်းလာစေရန်အတွက် Big Catch-up၊ Routine Catch-up နှင့် Special Immunization Activities နည်းလမ်းများဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ကလေးတိုင်းထံသို့ရောက်ရှိအောင် နည်းလမ်းမျိုးစုံဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ခက်ခဲသောဒေသများတွင်နေထိုင်သည့် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအတွက် လိုအပ်သော ကာကွယ်ဆေးများကို ထိုးနှံတိုက်ကျွေးရန်အတွက် ထပ်မံအားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) နှင့် ညွှန်ကြားရေးမှူး (တိုးချဲ့ကာကွယ်ဆေး)တို့က ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေ၊ ညှိနှိုင်းဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ရှိသူများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အမျိုးသားအဆင့်ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ (National Immunization Technical Advisory Group– NITAG) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားအသင်းနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၊ WHO၊ UNICEF၊ CHAI၊ PATH နှင့် HPA အဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့်ဥယျာဉ်တာဝန်ခံကုမ္ပဏီမှအမှုဆောင်အရာရှိချုပ် ဦးရာဇာထွေးတို့က အမျိုးသားကန်တော်ကြီးဥယျာဉ် (၁၈) ကြိမ်မြောက်ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

**❖ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်ဖြစ်ရမည်ဖြစ်ပြီး ဒေသပန်းမျိုးများ၊ နိုင်ငံခြားဖြစ်ပန်းမျိုးများအားလုံး ဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်၍ အခြားဒေသများသို့ ဖြန့်ချိနိုင်ရမည်ဖြစ်၊ ဒေသပန်းမျိုးများကို ထိန်းသိမ်းခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာသုတေသနအဖွဲ့များက ဆောင်ရွက်သွားရန်လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်းအောင်မြင်ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေး စမ်းသပ်ဆောင်ရွက်သွားရန်လို . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ စိုက်ပျိုးထိန်းသိမ်းထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

✯ ရှေ့ဖုံးမှအဆက်

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့ ၌နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကန်တော်ကြီးဥယျာဉ်သို့ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အမျိုးသားကန်တော်ကြီးဥယျာဉ် (၁၈) ကြိမ်မြောက်ပန်းပွဲတော်အား စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြကွက်များအလိုက် အလှပန်းမန်များ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ လာရောက်အပန်းဖြေအနားယူကြမည့်သူများအတွက် ဂီတ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ရှုခင်းလျှောက်လမ်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ပန်းပွဲတော်အတွက် ပြကွက်များအလိုက် အလှပန်းမန်များ စိုက်ပျိုးထားရှိမှုကိုတွေ့ရစဉ်။

ဖျော်ဖြေပွဲများ ထည့်သွင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပန်းပွဲတော်တေးသီချင်း စီစဉ်ရိုက်ကူးထား ရှိမှုအား တင်ပြသည်။

တင်ပြမှုများအပေါ် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌက **ပြင်ဦးလွင်မြို့ သည် ပန်းမြို့တော်ဖြစ်ရမည်ဖြစ်ပြီး ဒေသ ပန်းမျိုးများ၊ နိုင်ငံခြားဖြစ်ပန်းမျိုးများအားလုံး ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်၍ အခြားဒေသများသို့ ဖြန့်ချိနိုင်ရမည်ဖြစ်**ကြောင်း၊ ထို့ပြင် ပြည်ပနိုင်ငံများသို့လည်း ပန်းများကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုး ရှိစွာအသုံးချ၍ ပန်းမြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီအောင် ဖော်ဆောင်**သွားကြရမည် ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသအတွင်း ပန်းစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာ စေရေး ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျဆက်လက်ဆောင်ရွက်သွားကြရန် လိုကြောင်း၊ **ဒေသပန်းမျိုးများကို ထိန်းသိမ်း ခြင်းနှင့် အရောင်အဆင်း၊ အနံ့ကောင်းမွန်ပြီး အရည်အသွေးတိုးတက်အောင် သက်ဆိုင်ရာ သုတေသနအဖွဲ့များက ဆောင်ရွက်သွားရန် လိုသကဲ့သို့ အခြားဒေသမှ ပန်းမျိုးကောင်း၊ မျိုးသန့်များကိုလည်း ဒေသတွင်းအောင်မြင် ဖြစ်ထွန်းစွာဖြင့် ဖူးပွင့်နိုင်ရေး စမ်းသပ် ဆောင်ရွက်သွားရန်လို**ကြောင်း၊ ဥယျာဉ် နေရာများ၌သာမက မြို့အတွင်းရှိလမ်းများ၊ ရပ်ကွက်များအတွင်း၌လည်း သစ်ပင်ပန်းမန် များစိုက်ပျိုး၍ မျက်စိပသာဒဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

ထို့ပြင် ပြင်ဦးလွင်မြို့၏ တောင်ဘက်ပိုင်း ၌ သစ်တောဖုံးလွှမ်းမှုရှိစေရေး ပြန်လည် ဆောင်ရွက်သွားရန်လိုပြီး ပြင်ဦးလွင်ဒေသ၏ စိမ်းလန်းစိုပြည်မှုနှင့် အေးမြသာယာသည့် ရာသီဥတုကို ဆက်လက်ထိန်းသိမ်းဆောင် ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင် မြို့အတွင်း လမ်းဘေးများရှိသစ်ပင်များနှင့် ကန်တော်ကြီးဥယျာဉ်အတွင်းရှိ သစ်ပင်များ ကိုလည်း အောက်ခြေရှင်းခြင်း၊ အလင်းဖွင့် ခြင်းတို့ဆောင်ရွက်၍ လေဝင်လေထွက် ကောင်းမွန်အောင် **စာမျက်နှာ ၁၅ သို့** ☆

**❖ ကန်တော်ကြီးပတ်လမ်းခြံစည်းရိုးနှင့် လူသွားလမ်း အား ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံတော် အကြီးအကဲလာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လူသွားလမ်းအကျယ် ၇ ပေ မှ ၁၂ ပေ၊ လမ်းအရှည် ၁၉၀၀ ပေရှိလူသွားလမ်းနှင့် ခြံစည်းရိုးအားပြုပြင်တည်ဆောက်ခဲ့ခြင်းဖြစ် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကန်တော်ကြီးပတ်လမ်းနှင့်ခြံစည်းရိုးဆောင်ရွက်ထားရှိမှုအား လျှောက်လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးစဉ်။



ကန်တော်ကြီးပတ်လမ်းနှင့်ခြံစည်းရိုးဆောင်ရွက်ထားရှိမှုအား တွေ့ရစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing inspects conservation of the National Kandawgyi Garden in PyinOoLwin

## Turn PyinOoLwin into flower city through effective use of favourable soil and water resources



Senior General Min Aung Hlaing observes ornamental plants.

NAY PYI TAW December 2

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing, accompanied by SSPC Secretary Joint Executive Chief General Ye Win Oo, members of the entourage, Mandalay Region Chief Minister U Myo Aung, the Central Command commander and officials, inspected conservation of the National Kandawgyi Garden in PyinOoLwin this morning.

First, the Senior General heard a report on progress in implementing the directives given by the Chairman of State Security and Peace Commission Commander-in-Chief of Defence Services during his visit to the Gardens on 3 October 2025, preparations to organize the 18th Flower Festival of the Gardens on a grand scale, display of flower plants plot wise, inclusion of song and musical shows for visitors, presented by Director General Dr Thaung Naing Oo of Forestry Department, Ministry of Natural Resources and Environmental Conservation, and Chief Executive Officer U Yazar Htway of the company in charge of the Gardens, and watched a video clip on flower festival song.

Regarding the reports, the Senior General said PyinOoLwin must be a flower city, where all local and foreign flowering are thriving and blooming and are being distributed to other places. As flowers can be exported, flowing plant cultivation must be encouraged in PyinOoLwin, and by using its favourable soil and water resources, the town must be developed in accord with the characteristics of a flower city. Involvement of professionals in systematically developing flower production in the PyinOoLwin area. It is the duty of relevant research teams to conserve local flower strains and improve color, appearance and aroma of the flowers. In addition, they should strive for the thriving and blooming of foreign species in PyinOoLwin area through trial runs. Apart from the places in the Gardens, flowering plants must also be grown besides streets and wards for the pleasantness of the town.

Reforestation of the southern part of PyinOoLwin must be conducted again, while conserving its lushness and greenness and cool and pleasant weather. Circle weeding of roadside trees and the ones in the Gardens must be conducted, alongside the work of ensuring sunlight exposure and ventilation. The Senior General also looked into other requirements.

Subsequently, the Senior General and his delegation toured the National Kandawgyi Gardens in vehicles, inspecting the

See Page - 21 ►►



Senior General Min Aung Hlaing gives guidance on the conservation of National Kandawgyi Gardens.



Senior General Min Aung Hlaing inspects lush vegetation along the walkway.

# Five more buildings used for online fraud and gambling demolished in KK Park Area; 20 more illegal structures sealed in Shwe Kokko Area




An illegally constructed two-storey building in Section (3) of the KK Park Area.

NAY PYI TAW December 2

The Government of Myanmar, through a joint task force comprising security forces, administrative bodies, and local authorities, continues to conduct clearance operations in the Shwe Kokko and KK Park areas—key hubs for online fraud and online gambling activities. The operations involve raiding illegal structures, seizing assets used in online scams and gambling operations, and systematically demolishing illegal buildings.

As part of these ongoing efforts, today in Section (3) of the Myawady-Maehtawthalay (KK Park) area, five more illegal structures were demolished. These include a one-storey sports hall, a two-storey KTV building, two two-storey residential buildings, and a four-storey building. This brings the total number of demolished structures in Section (3) to 140 out of 425 buildings. Overall, in the entire KK Park Area, 288 out of 635 illegal buildings have now been demolished.



Image of burning and destroying materials used for online fraud and gambling in the Shwe Kokko Area.



Image of burning and destroying items belonging to illegal foreign nationals in the Shwe Kokko Area of Myawady Township.



Transfer of illegal immigrants.



Image of sealing and confiscating a building used for online fraud and gambling in Myawady Township.



Image of sealing and confiscating a building used for online fraud and gambling in Myawady Township.

Similarly, in the Shwe Kokko Area, inspections of buildings used for online fraud began on November 18. To date, 169 illegal structures have been identified. To prevent their reuse, sealing and confiscation operations are ongoing. Today, 20 more illegal buildings were sealed, bringing the total number of sealed structures in Shwe Kokko to 161.

According to total clearance figures in the Shwe Kokko Area to date, authorities have apprehended a total of 1,954 foreign nationals illegally residing in Myanmar. They have also seized 3,310 computers, 21,870 mobile phones, 102 Starlink receivers, 22 routers, and a large quantity of other equipment used for online fraud and gambling. These seized items have been systematically destroyed, and clearance operations will continue.

In a humanitarian gesture and in the spirit of friendly relations between nations, 411 foreign nationals involved in online gambling, online fraud, and other crimes in the Shwe Kokko Area of Myawady Township, Kayin State, were repatriated today via the Myanmar-Thailand Friendship Bridge No. 2. The group included 298 Chinese, 37 Kenyans, 36 Ethiopians, 18 Ugandans, 15 Filipinos, two Ghanaians, two Zimbabweans, one Rwandan, one Togolese, and one Beninese national. The handover was conducted in accordance with legal procedures.

It is also reported that from January 30 to December 1, 2025, a total of 12,945 foreign nationals who entered Myanmar illegally have been detained and processed. Of these, 10,601 have been lawfully deported to their respective countries via Thailand. The remaining 2,344 foreign nationals are ready for repatriation and are being well cared for while in custody.

The government considers the fight against online fraud and gambling a national duty. It is therefore committed to completely eradicating these activities from Myanmar and will continue its efforts in coordination with domestic forces and the governments of neighbouring countries.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# China, Russia should jointly resist revival of Japanese militarism- Foreign Minister

MOSCOW December 2

China and Russia should jointly resist any attempts to revive Japanese militarism, Chinese Foreign Minister Wang Yi said on Tuesday during a consultation on strategic security with Russian Security Council Secretary Sergei Shoigu in Moscow.

"Together we resist any attempts that distort historical truth [about the outcomes of World War 2]. We must be vigilant against efforts to revive Japanese militarism and fascism. It is important to reject such attempts and jointly fulfill the responsibilities that China and Russia bear as permanent members of the UN Security Council," Wang said during the consultation.

Chinese President Xi Jinping and Russian President Vladimir Putin held two meetings in 2025, in Moscow and Beijing, "guiding bilateral relations toward sustainable and steady progress despite global uncertainty," the Chinese Foreign Minister said.

Wang said the format of bilateral strategic security consultations was important for both China and Russia to exchange opinions, coordinate stances on bilateral and international issues, and safeguard their shared interests.

**Sputnik**

# Europe withdrew itself from Ukrainian settlement process - Putin

MOSCOW December 2

Europe withdrew itself from the Ukrainian settlement process, Russian President Vladimir Putin said on Tuesday.

"They [the Europeans] are offended that they were allegedly excluded from the negotiations. But I want to point out that no one excluded them. They excluded themselves… They withdrew themselves from this process," Putin told reporters.

Europe has adopted the thesis of inflicting a strategic defeat on Russia and continues to live in these illusions, the Russian President added.

**Sputnik**

# Death toll from floods, landslides in Indonesia rises to 712

JAKARTA December 2



The death toll from recent floods and landslides across three provinces on Indonesia's Sumatra Island has risen to 712, with 507 people still missing, the National Disaster Management Agency (BNPB) said on Tuesday.

The agency reported that disasters have displaced about 1.1 million people in North Sumatra, West Sumatra, and Aceh provinces.

Rescue teams have faced difficulties reaching several villages on Sumatra Island, as floods swept away roads and destroyed bridges. Although helicopters and boats have been deployed, local authorities said deteriorating weather conditions and damaged infrastructure continue to hamper response efforts.

At the same time, efforts to restore telecommunications services are also being accelerated. The Ministry of Communication and Digital Affairs reported that more than 90 percent of transmission towers in flood-and landslide-affected areas in West Sumatra and North Sumatra have resumed operations.

The ministry is also accelerating efforts to restore telecommunications networks, ensuring residents can reconnect and access essential information.

Indonesian President Prabowo Subianto said on Monday that the government's rescue and relief efforts are being carried out with full force.

He stressed that Indonesia must respond effectively to climate change, adding that local governments should play a greater role in environmental protection and in preparing for future extreme weather events.

**Xinhua**

# At least 12 dead, 30 missing in landslide-triggered river accident in Peru

LIMA December 2

At least 12 people were killed, six injured and 30 others remain missing in a landslide-triggered river accident early Monday at the port of Iparia in Peru's Coronel Portillo Province, police said.

The accident occurred around 5 a.m. local time when the landslide struck the boarding area and hit two vessels that were docked at the port, said the police from the east-central Ucayali region, according to local media.

The vessel Rapido Oriente was completely submerged, while the passenger boat Deo Rigo suffered severe damage. The latter had departed from the city of Pucallpa toward several indigenous communities and was disembarking passengers in Iparia when the landslide occurred.

The Iparia Health Center is treating the injured as search operations continue for the missing, including children and adults from river communities such as Colonia Caco, Curiaca and Caco Macaya.

**Xinhua**

# SSPC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects construction of war veteran housing in PyinOoLwin



Senior General Min Aung Hlaing inspects PyinOoLwin railway station.

NAY PYI TAW December 2

Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by Commander-in-Chief (Navy) Admiral Htein Win, Commander-in-Chief (Air) General Tun Aung, members of the inspection team, the commander of Central Command and officials, this morning inspected progress in construction of the war veteran housing in PyinOoLwin.

At the briefing hall, Quartermaster-General Lt-Gen Zaw Hein and officials reported to the Senior General on extended construction of the war veteran housing in financial years, settlement of war veterans and families, and work process.

In his response to the reports, the Senior General gave guidance that it is necessary to systematically settle war veterans and families at the completed housings. He stressed that it is necessary to supervise construction of housing to be completed on time, meeting the standards. The housing estates must be facilitated with the areas where people can take physical exercises to help their health condition. Construction of the high-rise buildings must be calculated systematically to have resilience against natural disasters.

The Senior General and party visited the war veteran housing compound. He cordially greeted the war veterans and families and asked about their requirements.



Senior General Min Aung Hlaing hears a report on war veterans housing project.

A total of 10 four-storey two-unit housing for other ranks, 10 six-storey four-unit housing for other ranks, three six-storey four-unit junior officer housing, and one six-storey four-unit senior officer housing have been built at the war veteran housing in PyinOoLwin. Plans are underway to build housing for senior officers, junior officer and other ranks.

The Senior General inspected functions of the railway station in PyinOoLwin where Union Minister for Transport and Communications U Mya Tun Oo and officials reported on keeping the station clean and pleasant, and removal of illegal residents and vendors from the station yard.

In his response, the Senior General gave guidance to carry out systematic management for the station and viewed round the station.

**100**

---

▶▶ **From Page - 18**

construction of the mud/swamp walkway, the planting and maintenance of trees and flowers within the gardens, the research and experimental cultivation conducted in the Local Flower Species Research Center and experimental plots, and the condition of the lake walkways. Following presentations by the officials, he instructed that efforts must be made to ensure the gardens remain clean, pleasant, and beautiful, and that drainage is good. Regarding the mud/swamp walkway, he stressed the need to use high-quality wood for the decking since many people will use it, and to ensure it is sturdy and neat. He further instructed that systematic research on local flower species should continue to prolong the life of the plants and flowers and enhance blooming strength, along with providing other necessary guidance.

Following that, the Senior General and his delegation inspected the Kandawgyi circular road and the fence along the walkway, where he instructed that ornamental flowers should be planted along the side of the path, efforts should be made to ensure cleanliness and pleasantness, and necessary arrangements should be carried out to guarantee the safety of pedestrians, along with providing other required guidance.

It is reported that the construction of the Kandawgyi circular road fence and pedestrian walkway was undertaken following instructions given by the Head of State during an inspection in October 2025, involving the renovation and construction of a 1,900-foot-long walkway with a width expanded from 7 feet to 12 feet, along with the fence, and that this renovation allows the general public to safely rest, relax, and walk along the Kandawgyi circular road without the danger of vehicles.

**100**

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့်အဆောက်အအုံ ၅ လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၂၀ လုံး ထပ်မံချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် ဒီဇင်ဘာ ၂

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ




## KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂) ထပ် လူနေ အဆောက်အအုံ

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး



## K K Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၄) ထပ် တိုက်အမှတ် A 3 လူနေ အဆောက်အအုံအား ထပ်မံဖောက်ခွဲခြင်း

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး








မြဝတီမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်းမှုကိုတွေ့ရစဉ်။

ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများဖြစ်သော ၁ ထပ်အားကစားရုံ ၁ လုံး၊ ၂ ထပ် KTV အဆောက်အအုံ ၁ လုံး၊ ၂ ထပ်လူနေအဆောက်အအုံ ၂ လုံး၊ ၄ ထပ်အဆောက်အအုံ ၁ လုံး၊ စုစုပေါင်းတရားမဝင်အဆောက်အအုံ ၅ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၄၀ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၈၈ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာလ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၆၉ လုံးကိုစစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင်အဆောက်အအုံ ၂၀ လုံးကို ထပ်မံချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၆၁ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀ လုံး၊ မိုဘိုင်းဖုန်း ၂၁၈၇၀ လုံး၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကိုစိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများ

**စာမျက်နှာ ၂၃ သို့ ⊃**





မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင် ပြည်ပနိုင်ငံသားများ၏ အသုံးအဆောင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးမှုကိုတွေ့ရစဉ်။

# တောင်သူပူးပေါင်းပါဝင်သော စပါးမျိုးသားဆက်လိုင်းများရွေးချယ်

နေပြည်တော် ဒီဇင်ဘာ ၂

စိုက်ပျိုးရေးပညာရှင်သုတေသီများ မျိုးစပ်မွေးမြူထားသည့်စပါးမျိုးလိုင်းများကို တောင်သူများကိုယ်တိုင်ပါဝင်ရွေးချယ်ခြင်းဖြင့် တောင်သူများ၏ အကြိုက်နှင့်ကိုက်ညီပြီး ဒေသနှင့်လိုက်လျောညီထွေမှုရှိသော စပါးမျိုးကောင်းများ ဖော်ထုတ်ထွက်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် တောင်သူများပါဝင်သော စပါးမျိုးသားဆက်လိုင်းများရွေးချယ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ တောင်သူဦးမျိုးနိုင် ဦး၏ စိုက်ကွက်၌ ကျင်းပသည်။

စပါးမျိုးသားဆက်လိုင်းရွေးချယ်ပွဲသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် စိုက်ပျိုးရေး ပညာရှင်များ၊ သုတေသီများ၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်း၊ ဂုံမင်းအင်း၊ အလျင်လိုကျေးရွာများမှ တောင်သူများတက်ရောက်ကြသည်။

ရွေးချယ်ပွဲတွင် ဒုတိယဝန်ကြီးက ပညာရှင်များအနေဖြင့် မျိုးစေ့ထုတ်သည့်နည်းပညာကို တောင်သူများထံမျှဝေကာ သီးနှံတိုင်းအတွက် တောင်သူကိုယ်တိုင်မျိုးစေ့ထုတ်နိုင်သည့် မျိုးစေ့ထုတ်စနစ်ကို ကျင့်သုံးကြရန်ဖြစ်ပြီး ကျေးရွာအလိုက် မျိုးစေ့ဘဏ် (Village Seed Bank)များ ထူထောင်ကြရမည်ဖြစ်ကြောင်း၊ တောင်သူများ စပါးအခြေခံ သီးနှံပုံစံများစိုက်ပျိုးရာတွင် စပါးအပြီးသီးနှံအတွက် အထွက်နှုန်းကောင်းမွန်စေရေးအလေးပေးဆောင်ရွက်ရန်နှင့် မမျှော်မှန်းနိုင်သည့် ရာသီဥတုပြောင်းလဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် မိုးများလွန်းခြင်း၊ မိုးနည်းလွန်းခြင်း အခြေအနေများတွင် ရေကိုကောင်းစွာ စီမံခန့်ခွဲနိုင်ရန်အတွက် ပေါင်ကြီးတင်စနစ် အသုံးပြုစိုက်ပျိုးရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပညာရှင်များနှင့် တောင်သူများပူးပေါင်းကာ စိုက်ပျိုးပြသထားသည့် အတွဲသုံးတွဲမှ အထွက်ကောင်း ရောဂါဒဏ်ခံနိုင်၍ ယိုင်လဲဒဏ်ခံနိုင်ပြီး ဆန်ရည်ဆန်သွေး အကောင်းဆုံးမျိုးလိုင်းများအား တောင်သူများနှင့်အတူ ပူးပေါင်းရွေးချယ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## ၂-၁၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## MWD Variety Channel

၃-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | ရွာဖွေလေ့လာပြတိုက်မှာ |
| ၂။ | ၁၀:၃၀ | မှတ်သားလေ့လာအိမ်တွင်းမှုပညာ |
| ၃။ | ၁၁:၃၅ | နိုင်ငံ့ဂုဏ်ရောင် မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ |
| ၄။ | ၁၆:၃၀ | သိလိုသမျှကျန်းမာရေးကဏ္ဍ |
| ၅။ | ၂၁:၁၀ | မှတ်တမ်းအစီအစဉ် (အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့) |

➲ စာမျက်နှာ ၂၂ မှအဆက်

ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၉၈ ဦး၊ ကင်ညာနိုင်ငံသား ၃၇ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၃၆ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၅ ဦး၊ ဂါနာနိုင်ငံသား ၂ ဦး၊ ဇင်ဘာဘွေနိုင်ငံသား ၂ ဦး၊ ရဝမ်ဒါနိုင်ငံသား ၁ ဦး၊ တိုဂိုနိုင်ငံသား ၁ ဦးနှင့် ဘီနင်နိုင်ငံသား ၁ ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၄၁၁ ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဒီဇင်ဘာလ ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၆၀၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၄၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



တရားမဝင် နိုင်ငံခြားသားများအား လွှဲပြောင်းနေမှုကို တွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကိုတွေ့ရစဉ်။



ရွှေကုက္ကိုလ် နယ်မြေအတွင်း တရားမဝင်ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



K K Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

# လဟယ်မြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နေမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု



**မုံရွာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လူဝင်မှုကြီးကြပ်ရေးဌာနတို့ပူးပေါင်း၍ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ တာလံရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများမဲစာရင်းပါရှိစေရေး၊ မကျန်ရှိစေရေးနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးနေမှုအားကြည့်ရှုပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ အမှုထမ်းရပ်ကွက်မှ ဒုတိယအကြိမ်မဲစာရင်းများကြေညာထားရှိမှုအား ဒေသခံပြည်သူများ လာရောက်ကြည့်ရှုနေမှုကို ကြည့်ရှုအားပေးပြီး အဆိုပါအားကစားခန်းမ၌ ဒေသခံတိုင်းရင်းသားများနှင့်ပြည်သူများ MEVM မဲပေးစက်အသုံးပြု၍ စမ်းသပ်သရုပ်ပြဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် လဟယ်မြို့ မိုးဒန်းရေကန် ပြန်လည်တူးဖော်ပြီးစီးမှု၊ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား ဖြန့်ဝေပေးမည့် ကုန်းမြင့်ကော်ဖီပျိုးပင် ၅၀၀၀၀ ပျိုးထောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လဟယ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ဒေသခံတိုင်းရင်းသားအမျိုးသမီးများကို အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ် (၁၀)သင်ကြားနေမှုများနှင့် သင်တန်းသူများကိုယ်တိုင်ချုပ်လုပ်ထားသည့်အဝတ်အထည်များနှင့်သင်ထောက်ကူပစ္စည်းများအား လိုက်လံကြည့်ရှုကာ လိုအပ်သည်များကိုတာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းသို့ ရောက်ရှိကာ ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် လဟယ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိပြီး ဆေးကုသမှုခံယူနေကြသည့်ဒေသခံတိုင်းရင်းသားများကို အားပေးစကားများပြောကြား၍ တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများပေးအပ်ကာ ဆေးရုံအုပ်ကြီးထံ ဆေးရုံဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံနှင့် ဉာဏ်ရည်တုနည်းပညာနှီးနှောဖလှယ်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံနှင့် ဉာဏ်ရည်တုနည်းပညာနှီးနှောဖလှယ်ပွဲ ပထမနေ့ကို ဒီဇင်ဘာလ ၁ ရက် နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပိုင်ဆယ်မြို့ရှိ ပိုင်ဆယ်အစိုးရအရာရှိများကောလိပ်၌ကျင်းပရာ ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဒါရိုက်တာ ဒေါက်တာတင်ဖုန်းကျော်၊ ကွန်ပျူတာတက္ကသိုလ်(ပြည်) တာဝန်ခံပါမောက္ခချုပ် ဒေါက်တာယုဇန၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့ကြသည်။

နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတကာဆက်ဆံရေးစင်တာ၌ ကျင်းပရာ ဒုတိယဝန်ကြီးနှင့် ဒုတိယအမြဲတမ်းကျောင်းအုပ်ကြီးတို့က အဖွင့်အမှာစကားပြောကြားခဲ့ကြပြီး **တရုတ်-မြန်မာနှစ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအစဉ်အလာကို ပိုမိုခိုင်မြဲစေလျက် နှစ်နိုင်ငံ အေးအတူပူအမျှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်အသိုက်အဝန်းကို အတူတကွတည်ထောင်နိုင်ရေး၊ ယခုနှစ်၌ တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးတည်ထောင်ခြင်း ၇၅ နှစ်ပြည့်မြောက်ပြီဖြစ်ရာ ရပ်ဝန်းနှင့် ပိုးလမ်းမကြီးစီမံကိန်းအပါအဝင် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို အရှိန်အဟုန်မြှင့်တင်ရေး၊ AI၊ EV၊ Smart Agriculture စသောကဏ္ဍများတွင် နည်းပညာဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး**ဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ထို့နောက် **"တရုတ်နိုင်ငံပုံစံ ခေတ်မီဖွံ့ဖြိုးရေးလမ်းစဉ်၏ သီအိုရီနှင့် လက်တွေ့ဆောင်ရွက်မှု"** ခေါင်းစဉ်ဖြင့် အထူးဟောပြောပွဲကိုကျင်းပရာ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နိုင်ငံရေးအတိုင်ပင်ခံ ညီလာခံစီးပွားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Yang Cong က နောက်ခံသမိုင်းများ၊ အထူးဝိသေသလက္ခဏာများဖြစ်သည့် ပြည်သူလူထုတစ်ဦးမကျန် တန်းတူခေတ်မီဖွံ့ဖြိုးရေး၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းညီညွတ်မျှတစွာပေါင်းစပ်ထားသော ခေတ်မီ




ဖွံ့ဖြိုးရေး၊ လူနှင့်သဘာဝပတ်ဝန်းကျင် သဟဇာတဖြစ်သော ခေတ်မီဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းစွာအတူတကွ ခေတ်မီဖွံ့ဖြိုးရေးနှင့် လမ်းစဉ်၏မူလသဘာဝလိုအပ်ချက်များ၊ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်တို့အတွင်း တရုတ်နိုင်ငံ၏ GDPသည် နှစ်စဉ်ပျမ်းမျှ ၅ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာသဖြင့် ၂၀၂၅ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာဆန်းသစ်တီထွင်မှုအညွှန်းကိန်းသည် နံပါတ် ၁၀ သို့ ရောက်ရှိလာမှု၊ ပြည်သူ့လူမှုရေးလုံခြုံမှုခိုင်မာစွာ အာမခံနိုင်မှုများ၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအောင်မြင်မှုများ၊ EV နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ဖြင့် အစိမ်းရောင်စွမ်းအင်သို့ ပြောင်းလဲအသုံးချကာ ဂေဟစနစ် သဘာဝပတ်ဝန်းကျင်အရည်အသွေး တိုးတက်မှုအရှိန်မြှင့်တင်လာမှုများ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ပြည်တွင်းပညာရှင်များဖြင့် ကိုယ်ပိုင်တီထွင်ဖန်တီးနိုင်မှု အဆင့်အတန်းကြီးမားစွာ မြင့်တက်လာခြင်း၊ ပြည်သူ့လူမှုဘဝအရည်အသွေး စဉ်ဆက်မပြတ်တိုးတက်လာခြင်းတို့ကို ဟောပြောဆွေးနွေးရာ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကောလိပ်ရှိ စာကြည့်တိုက်သို့ သွားရောက်လေ့လာပြီး **"တရုတ်-အာဆီယံ ဉာဏ်ရည်တုနည်းပညာအသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးစင်တာ ပလက်ဖောင်းကို အခြေခံ၍ ဉာဏ်ရည်တုခေတ်အတွင်း တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်ရေးကို အားပေးမြှင့်တင်ခြင်း"** ခေါင်းစဉ်ဖြင့်ကျင်းပသည့် ဟောပြောပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရ ဒုတိယအထွေထွေအတွင်းရေးမှူးနှင့် တရုတ်-အာဆီယံသတင်းအချက်အလက်ဆိပ်ကမ်းတည်ဆောက်ရေးရုံး ညွှန်ကြားရေးမှူးချုပ် Mr. Zhao Zhigang က တရုတ်နိုင်ငံ၏ AI ဆန်းသစ်တီထွင်မှုများနှင့် လူတိုင်းအကျိုးခံစားရေးအစီအစဉ်၊ ကွမ်ရှီး AI ဖွံ့ဖြိုးမှုနှင့် လက်တွေ့ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံနှင့် AI ပူးပေါင်းဖွံ့ဖြိုးရေးအကြံပြုချက်များ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အတွက် အမျိုးသားအဆင့် AI မော်ဒယ်တည်ဆောက်ခဲ့မှုများ၊ အလားတူ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့် တည်ဆောက်နေမှု၊ တရုတ် AI မော်ဒယ်များ၏ အတွေးအခေါ်စနစ်၊ AI ဖွံ့ဖြိုးမှုနှင့် ယဉ်ကျေးမှုရှင်သန်ရေးပြဿနာ၊ တရုတ်-အာဆီယံဉာဏ်ရည်တုနည်းပညာ အသုံးချမှု ပူးပေါင်းဆောင်ရွက်ရေးစင်တာတည်ထောင်ခြင်း၊ AI ဖွံ့ဖြိုးရေးမဟာဗျူဟာနှင့် စီမံခန့်ခွဲမှုအခြေအနေများ၊ ကွမ်ရှီးဒစ်ဂျစ်တယ်အရင်းအမြစ်စုစည်းမှုနှင့် ဒစ်ဂျစ်တယ်အစိုးရစီမံခန့်ခွဲမှုစနစ်ဖွဲ့စည်းပုံ၊ မြောက်ပိုင်းပင်လယ်ကွေ့ ဒေတာဈေးကွက်ဗဟိုဌာန၊ ကွမ်ရှီးဒေတာထုတ်ကုန်စာရင်း၊ တရုတ်-အာဆီယံဥပဒေဆိုင်ရာ မော်ဒယ်၊ ဒစ်ဂျစ်တယ်အစိုးရထူထောင်ရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့် ဒေတာစနစ်၏ အခြေခံအုတ်မြစ်ကို ပူးပေါင်းတည်ဆောက်ခြင်း၊ နယ်စပ်ဖြတ်ကျော်၍ ဒေတာနှင့် စက်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဟောပြောဆွေးနွေးရာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံရှိ AI အပါအဝင် ဒစ်ဂျစ်တယ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကို ပြန်လည်ဆွေးနွေးခဲ့ပြီး မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မဲဆန္ဒရှင်စာရင်းများမှန်ကန်မှုရှိရေး မဲစာရင်းများအား Door To Door စနစ်ဖြင့် ကြည့်ရှုစစ်ဆေး

## ပဲခူး

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း မဲစာရင်းကျန်ရှိမှုမရှိစေရေးနှင့် ရပ်ကွက်အတွင်း Door To Door မြေပြင်ကွင်းဆင်းစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဒီဇင်ဘာလ ၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့သည် နန်းတော်ရာရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယအကြိမ် မဲဆန္ဒရှင်အမည်စာရင်းကပ်ထားရာ ပြည်သူများလာရောက်ကြည့်ရှုနေမှုနှင့် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ရပ်ကွက်အတွင်းနေထိုင်သည့်အိမ်ထောင်စုအလိုက် မဲစာရင်းပါ၊မပါ(Door To Door) မြေပြင်ကွင်းဆင်းစာရင်းတိုက်ဆိုင်စစ်ဆေးကောက်ယူနေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့်အဖွဲ့သည် ဥဿာမြို့သစ် (၇) ရပ်ကွက်နှင့်(၉)ရပ်ကွက်တို့သို့သွားရောက်ပြီး Door To Door စနစ်ဖြင့်မြေပြင်ကွင်းဆင်းစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲစာရင်းတွင်ပါရှိစေရေး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများဖြင့် မဲစာရင်းပြုစုခြင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး မကြာခင်က နိုင်ငံတော်အစိုးရမှ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာသူများ မဲစာရင်းတွင် ကျန်ရှိမှုမရှိစေရေး တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။

(၄၀၁)

## ခိုလမ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရပ်ကွက်နှင့်ကျေးရွာများအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိရေးအတွက် မဲစာရင်းများအား Door To Door စနစ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခြင်းကို နိုဝင်ဘာလ ၃၀ ရက်မှစတင်၍ မြို့ပေါ်ရပ်ကွက်(၆)ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ မြေပြင်တစ်အိမ်တက်ဆင်းကွင်းဆင်းကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးမှုကို ခိုလမ်မြို့စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းစိုး၊ နမ့်စန်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနဦးစီးမှူး ဦးမောင်မောင်ဇော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာစာရေးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများပါဝင်သည့် စာရင်းကောက်ယူရေးအဖွဲ့များ၏ မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာများတွင် Door To Door စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်မှုအပေါ် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အဆိုပါခိုလမ်မြို့အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိရေးအတွက် မဲစာရင်းများအား Door To Door စနစ်ဖြင့် ကွင်းဆင်းတိုက်ဆိုင်စစ်ဆေးခြင်းကို ဒီဇင်ဘာလ ၆ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(၄၁၄)

## ကျောက်ကြီး

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဒီဇင်ဘာလ ၁ ရက် နံနက်ပိုင်းက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဦးဆောင်ပြီး မြို့နယ်အတွင်း မဲစာရင်းမှန်ကန်မှုရှိစေရေး Door To Door စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ကြီးမြို့ပေါ်ရှိ ရပ်ကွက်များ၌ နေထိုင်လျက်ရှိသော အိမ်ထောင်စုဝင်များအား Door To Door စနစ်ဖြင့် မဲစာရင်းများ တိကျမှန်ကန်စေရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် လမ်းအလိုက် တစ်အိမ်တက်ဆင်း မဲစာရင်းစစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာလ ၁ ရက်မှစတင်ပြီး ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှတာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

(၄၁၀)



# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်

မိတ္ထီလာ ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့်မဲပေးစက်များအား တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ဒီဇင်ဘာလ ၁ ရက်က ကြည့်ရှုစစ်ဆေးကြောင်းသိရသည်။



ထို့နောက် ကျောင်းခန်းမအတွင်း၌ မဲပေးစက်ပစ္စည်းများတပ်ဆင်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ ခရိုင်ရွေးကောက်ပွဲကာလလုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီ၊ MEVM မဲပေးစက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။ ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲပေးစက်များနှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိထားမှုအခြေအနေများကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကြောင်း သိရသည်။

(၆၀၂)

# မဲဆန္ဒရှင်အမည်စာရင်း မြေပြင်အမှန် ပြည့်စုံမှန်ကန်စေရေး ကွင်းဆင်းဆောင်ရွက်

ညောင်ရွှေ ဒီဇင်ဘာ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်အတွင်း ၂၀၂၅ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်အမည်စာရင်း မြေပြင်အမှန် ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူရေးအဖွဲ့(၂၆)ဖွဲ့က တိုက်ဆိုင်စစ်ဆေးကောက်ယူခြင်းကို ဒီဇင်ဘာလ ၁ ရက် နံနက်ပိုင်းမှစတင်၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာလင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများပါဝင်သော ကွင်းဆင်းကောက်ယူရေးအဖွဲ့များသည် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုအတွင်း နေထိုင်ကြသည့် မဲဆန္ဒရှင်ပြည်သူများအား အိမ်ထောင်စုအလိုက် မဲစာရင်းပါ၊ မပါ တိုက်ဆိုင်စစ်ဆေးခြင်း၊ မဲစာရင်း၌ အမည်မပါဝင်ပါက ထည့်သွင်းခြင်း၊ မဲစာရင်းပါအချက်အလက် ပြင်ဆင်ရန်ရှိပါက ပြင်ဆင်ခြင်းတို့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၅)

**နိုင်ငံသားအခွင့်အရေးမဆုံးရှုံးဖို့ မဲရုံသို့ ဆန္ဒမဲပေးသွားကြစို့။**

# ခြေလက်ထုံကျဉ်မှုခံစားရသည့်အကြောင်းရင်းများ

**"ခြေ၊ လက်ထုံကျဉ်ရုံမက ရုတ်တရက်ခေါင်းကိုက်လာပြီး ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူရခက်ခြင်း၊ သတိမကောင်းခြင်း၊စကားပြောရခက်ခဲလာခြင်း စသည့်လက္ခဏာများဖြစ်လျှင် ဆရာဝန်နှင့်အမြန်ဆုံးပြသရန်လိုအပ်သည်။**

**ခြေထောက်ထုံကျဉ်နေသူများအနေဖြင့် ခြေထောက်များထုံကျဉ်ခြင်း၊ ဟန်ချက်မညီခြင်း၊ ခြေဖဝါးကို အပ်နှင့်ထိုးသကဲ့သို့ခံစားနေရခြင်းမှာ ခြေထောက်နှင့်ခြေဖဝါးအားနည်းခြင်းတို့ကြောင့်ဖြစ်သည် . . ."**

ခြေ၊ လက်များ ထုံကျဉ်သည့်လက္ခဏာသည် လူတိုင်းအဖြစ်များပြီး စိတ်အနှောင့်အယှက်လည်း အလွန်ဖြစ်စေသည်။ တစ်ခါတစ်ရံ အိပ်သည့်အချိန်တွင် ဖိပြီးအိပ်မိခြင်း၊ အချိန်ကြာကြာခြေချိတ်ထိုင်မိခြင်း စသည့်အခြေအနေများတွင် အာရုံကြော သို့မဟုတ် အာရုံကြောလေးများကိုဖိမိသောကြောင့် ခြေထောက်နှင့်လက်များ ထုံခြင်း၊ ကျဉ်ခြင်းမျိုး မကြာခဏခံစားရနိုင်သည်။

**ခန္ဓာကိုယ်အနေထားပြင်ရမည်**

ခြေ၊ လက်များထုံကျဉ်နေပါက မဖိမိရန် ခန္ဓာကိုယ်အနေအထားပြင်လိုက်လျှင် အလိုလိုပြန်လည်သက်သာနိုင်သည်။ သို့သော် နာကျင်ခြင်း၊ ယားယံခြင်း၊ ကြွက်သားအားနည်းခြင်း စသည့်လက္ခဏာများနှင့်တွဲပြီးဖြစ်လာပါက အာရုံကြောများပျက်စီးခြင်းကြောင့်ဖြစ်သောထုံကျဉ်ခြင်းဖြစ်နိုင်သည်။

**ဆီးချိုရောဂါ**

ဆီးချိုရောဂါသည် ခြေ၊ လက်ထုံကျဉ်ခြင်းကိုဖြစ်စေနိုင်သည့် အဖြစ်အများဆုံးအကြောင်းအရာထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ခြေ၊ လက်များထုံကျဉ်ခြင်းကို လူတော်တော်များများက ဆီးချိုရောဂါ၏ ပထမဆုံးရောဂါလက္ခဏာအနေဖြင့် တွေ့ရတတ်သည်။ ခြေ၊ လက်ထုံကျဉ်မှုကို မကြာခဏခံစားရပြီး မိမိမိသားစုတွင် ဆီးချိုမျိုးရိုးရှိသည့်အပြင် အချိုကြိုက်သည်ဆိုလျှင် ဆရာဝန်နှင့်သေချာတိုင်ပင်ပြီး ဆီးချိုစစ်ဆေးသင့်သည်။

**ကိုယ်ဝန်ရှိခြင်း**

ကိုယ်ဝန်ရှိနေသည့်အချိန်တွင်လည်း ကလေးကြီးထွားလာခြင်း၊ ခန္ဓာကိုယ်တွင် အရည်များပိုများလာခြင်းကြောင့် အာရုံကြောများကို ဖိမိနိုင်သည့်အတွက် ထုံကျဉ်သည့်ခံစားမှုမျိုးဖြစ်စေနိုင်သည်။ သို့သော် ကလေးမွေးဖွားပြီးသည်နှင့် သက်သာသွားနိုင်သောကြောင့် စိတ်ပူစရာမလိုပေ။

**ဗီတာမင်လုံလုံလောက်လောက်မရရှိခြင်း**

အဓိကအားဖြင့် ဗီတာမင်-B နှင့် ဗီတာမင်-E တို့ကို ခန္ဓာကိုယ်က လုံလုံလောက်လောက်မရပါက ခြေ၊ လက်များ ထုံကျဉ်လာသည်။ ထို့ကြောင့် ခြေ၊ လက်များ ထုံကျဉ်သည့်ပြဿနာဖြစ်လာပြီဆိုလျှင် မိမိနေ့စဉ်စားသောက်နေသော အစားအစာများထဲတွင် ဗီတာမင်ကြွယ်ဝသည်များ ပါသည်၊ မပါသည်ကို ပြန်လည်ဆန်းစစ်ကြည့်သင့်သည်။ ဆရာဝန်နှင့် တိုင်ပင်ပြီး လိုအပ်ပါက ဗီတာမင်ဖြည့်စွက်ဆေး(B1) သောက်နိုင်သည်။ နေ့စဉ်အစားအစာများထဲတွင် ဗီတာမင်-B နှင့် ဗီတာမင်-E ပါဝင်သော ဆန်၊ ဂျုံ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ပဲ၊ ဥ၊ အစေ့အဆန်များ၊ အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ၊ သဘာဝသစ်သီးများပါဝင်အောင် စားသောက်ရန်လိုအပ်သည်။

**ဆေးဝါးများသောက်ရခြင်း**

တချို့သောကင်ဆာကုသဆေး၊ တီဘီဆေးများ၊ သွေးပေါင်ချိန်ထိန်းညှိပေးသောဆေးများနှင့် တချို့သောရောဂါပိုးဝင်သည့်အခါတွင် အသုံးပြုသောပဋိဇီဝဆေးများက ခြေ၊ လက်ထုံကျဉ်ခြင်းဖြစ်စေနိုင်သည်။

**အရက်အလွန်အကျွံသောက်ခြင်း**

အရက်အလွန်အကျွံသောက်ခြင်းက အာရုံကြောများကို ထိခိုက်ပျက်စီးစေနိုင်သည့်အပြင် ဗီတာမင်-B12 နှင့် ဖောလစ်အက်စစ်များလည်း လျော့နည်းစေနိုင်သောကြောင့် ခြေ၊ လက် ထုံကျဉ်ခြင်းဖြစ်စေသည်။ ထို့ကြောင့် အရက်ကိုရှောင်ကြဉ်ရန်လိုအပ်သည်။

**တခြားရောဂါများ**

HIV/AIDS၊ အသည်းရောင်အသားဝါဘီ၊ အသည်းရောင်အသားဝါစီပိုးဝင်ခြင်း၊ အလုံးအကျိတ်ဖြစ်ပြီး အာရုံကြောများကို ဖိမိခြင်း၊ ကျောက်ကပ်၊ အသည်းရောဂါများနှင့် တချို့သောသွေးရောဂါများတွင်လည်း ခြေ၊ လက်ထုံကျဉ်သောလက္ခဏာများဖြစ်နိုင်သည်။

ခြေ၊ လက်ထုံကျဉ်ရုံမက ရုတ်တရက်ခေါင်းကိုက်လာပြီး ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူရခက်ခြင်း၊ သတိမကောင်းခြင်း၊ စကားပြောရခက်ခဲလာခြင်း စသည့်လက္ခဏာများဖြစ်လျှင် ဆရာဝန်နှင့်အမြန်ဆုံးပြသရန်လိုအပ်သည်။

ခြေထောက်ထုံကျဉ်နေသူများအနေဖြင့် ခြေထောက်များထုံကျဉ်ခြင်း၊ ဟန်ချက်မညီခြင်း၊ ခြေဖဝါးကို အပ်နှင့်ထိုးသကဲ့သို့ခံစားနေရခြင်းမှာ ခြေထောက်နှင့်ခြေဖဝါးအားနည်းခြင်းတို့ကြောင့်ဖြစ်သည်။

ခြေထောက်ထုံကျဉ်နေသူများအနေဖြင့် မကြာခဏထိခိုက်ဒဏ်ရာရတတ်ပြီး ဒဏ်ရာရသည်ကို မသိသည့်အတွက် ရောဂါပိုးဝင်တတ်သည်။ ထို့ကြောင့် ခြေထောက်ကို နေ့စဉ်စစ်ဆေးရန်လိုအပ်သည်။

ခြေထောက်ထုံကျဉ်သော လူနာများအနေဖြင့် သတိလစ်သွားခြင်း၊ မျက်လုံးအမြင်ဝါးလာခြင်း၊ ခေါင်းမူးလာခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ နာရီနှင့်ချီကာ ခြေ၊ လက်များ ထုံကျဉ်ခြင်း၊ ခေါင်းထိုးကိုက်ခြင်း၊ အသက်ရှူရခက်ခြင်း၊ လေဖြတ်ခြင်းတို့ဖြစ်လျှင် ဆရာဝန်နှင့်အမြန်ပြသသင့်သည်။

မနက်ခင်းအိပ်ရာထတိုင်း ခေါင်းကိုက်ပြီးနိုးထလာသူများစွာရှိသည်။ မနက်ခင်းတိုင်းတွင် ခေါင်းကိုက်ရခြင်းမှာ နေ့စဉ်ဘဝတွင် နေထိုင်မှုပုံစံများကြောင့်အပြင် အိပ်စက်မှုပုံစံမမှန်သောကြောင့်ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ မနက်ခင်းတွင် ခေါင်းကိုက်ခြင်းသည် စိတ်ပိုင်းဆိုင်ရာအခြေအနေကြောင့်လည်းဖြစ်နိုင်သည်။

**အိပ်ရေးမဝခြင်း**

အိပ်ရာနိုးလာချိန်တွင် ခေါင်းကိုက်သည်ဟုခံစားရခြင်းသည် အိပ်ရေးပျက်သောကြောင့်ဖြစ်နိုင်သည်။ ညဘက်တွင် အိပ်ရာဝင်နောက်ကျခြင်း၊ ကောင်းစွာအိပ်မပျော်ခြင်းက နောက်တစ်နေ့နံနက်တွင် ခေါင်းကိုက်ခြင်းကိုခံစားရနိုင်သည်။ ညနက်သန်းခေါင် အိပ်ရာမှနိုးလာပြီး ပြန်အိပ်မရခြင်းကလည်း မနက်ခင်းတွင် ခေါင်းကိုက်ပြီးနိုးထခြင်းကို ဖြစ်စေနိုင်သည်။

**အိပ်ပျော်စဉ်ဟောက်ခြင်း**

အသက်ရှူပိတ်၍ပြဿနာရှိခြင်း၊ အိပ်ရာထဲယောင်ခြင်း၊ အိပ်နေစဉ်ဟောက်ခြင်းက လူတစ်ယောက်၏အိပ်စက်မှုကို ထိခိုက်စေနိုင်သည်။ ထိုအခြေအနေများက မနက်ခင်းတွင် အိပ်ရာနိုးနိုးချင်း ခေါင်းကိုက်ခြင်းကိုခံစားရနိုင်သည်။

ထိုအခြေအနေများကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းနည်းက ဝိတ်ချခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ အရက်၊ ဘီယာရှောင်ကြဉ်ခြင်းတို့ဖြစ်သည်။

**အအိပ်များခြင်း**

အိပ်ရေးမဝခြင်းက ခေါင်းကိုက်စေသကဲ့သို့ အအိပ်များလွန်းခြင်းကလည်း မနက်ခင်းအိပ်ရာနိုးနိုးချင်းတွင် ခေါင်းကိုက်ခြင်းဖြစ်စေနိုင်သည်။ စိတ်ဓာတ်ကျနေချိန်တွင် ကောင်းစွာအိပ်မပျော်သော်လည်း အချိန်ကြာစွာ အိပ်ရာထဲကုန်ဆုံးတတ်ကြသည်။ ထိုအခြေအနေများက ခေါင်းကိုက်ခြင်းကို ဖြစ်စေနိုင်သည်။

**ကြွက်သားများတောင့်တင်းခြင်း**

ဇက်ကြောတစ်ဝိုက် ဦးခေါင်းအောက်ဘက်နားမှ ကြွက်သားများ တောင့်တင်းနေမည်ဆိုလျှင် ခေါင်းထဲတွင် တင်းအားဖြစ်စေပြီး ခေါင်းကိုက်ခြင်းကိုခံစားရစေနိုင်သည်။ နာတာရှည်စိတ်ဖိစီးမှုကို ခံစားနေရခြင်း၊ ကိုယ်နေဟန်ထားမှုမမှန်ခြင်း၊ ဆံပင်ကို တင်းတင်းကျပ်ကျပ်စည်းနှောင်ထားခြင်း၊ အိပ်စက်မှုပုံစံမမှန်ခြင်းတို့ကလည်း ကြွက်သားများကိုတောင့်တင်းစေပြီး ခေါင်းကိုက်စေနိုင်သည်။

**သွားကြိတ်ခြင်း**

သွားကြိတ်ခြင်းက မေးရိုးများကိုပင်ပန်းစေပြီး နာကျင်မှုကိုခံစားရနိုင်သည်။ ခေါင်းကိုက်ပြီးနိုးထစေနိုင်သည်။ တစ်ညလုံးသွားကြိတ်ခြင်းက မေးရိုးတွင်ရှိသောကြွက်သားများနှင့် အရွတ်များကိုဝန်ပိစေပြီး မနက်ခင်းတိုင်းတွင် ခေါင်းကိုက်ခြင်းဖြစ်စေနိုင်သည်။

**တချို့ဆေးဝါးများ**

အကိုက်အခဲပျောက်ဆေးများက မနက်စောစော ခေါင်းကိုက်ခြင်းကို သက်သာစေနိုင်သော်လည်း ဆေးဝါးများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ခေါင်းကိုက်ခြင်းဖြစ်နိုင်သည်။ တချို့သော ဆေးညွှန်းပါမှ ဝယ်ယူ၍ရသည့်ဆေးဝါးများက မနက်အိပ်ရာနိုးချိန်တွင် ခေါင်းကိုက်ခြင်းဖြစ်စေနိုင်သည်။

ထို့ပြင် ဟော်မုန်းပါသောသန္ဓေတားဆေးများ၊ သွေးဆုံးအကြိုသောက်ဆေးများ၊ အမျိုးသားအားဆေးများ၊ သွေးပေါင်ကျဆေး၊ နှလုံးရောဂါအတွက် သောက်ရသောဆေးဝါးများနှင့် ကဖင်းဓာတ်က အိပ်စက်မှုကိုထိခိုက်စေပြီး အိပ်ရာထချိန်တွင် ခေါင်းကိုက်ခြင်း၊ ထုံခြင်း၊ ကျဉ်ခြင်းကိုဖြစ်စေနိုင်သည်။

**ခေါင်းတစ်ခြမ်းကိုက်ခြင်း**

ခေါင်းတစ်ခြမ်းကိုက်ခြင်းကလည်း ညဘက်တွင် အိပ်ရေးဝဝအိပ်ပျော်စေရန်ခက်ခဲပြီး မနက်ခင်းတွင် ခေါင်းကိုက်ခြင်းနှင့်အတူ နိုးထစေနိုင်သည်။ ထို့ကြောင့် ခေါင်းတစ်ခြမ်းကိုက်တတ်သည်ဆိုလျှင် မိမိကိုယ်တိုင်ဆန်းစစ်ကြည့်သင့်သည်။

**အိပ်စက်မှုပြဿနာရှိခြင်း**

ညဘက်များတွင် တစ်ရေးနိုးခြင်း၊ ပြန်အိပ်မပျော်ခြင်း၊ အိပ်ပျော်ရန်ခက်ခဲခြင်း၊ တစ်ညလုံးတဆတ်ဆတ်နိုးနေခြင်းများက မနက်ခင်းအိပ်ရာထချိန်တွင် ခေါင်းကိုက်ခြင်းကိုခံစားရစေနိုင်သည့် အကြောင်းရင်းများဖြစ်သည်။

**စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးခြင်း**

စိတ်ကျန်းမာရေးပြဿနာများဖြစ်သည့် စိတ်ဓာတ်ကျခြင်း၊ စိတ်ဖိစီးခြင်းများခံစားရမည်ဆိုလျှင်လည်း မနက်ခင်းအိပ်ရာထချိန်တွင် ခေါင်းမကြည်သာမှုနှင့်အတူ ခေါင်းကိုက်ခြင်းခံစားရနိုင်သည်။ ထို့ကြောင့် ခေါင်းကိုက်၍ အိပ်ရာမှနိုးထလာပြီဆိုလျှင် စိတ်ဖိစီးခြင်း၊ စိတ်ဓာတ်ကျခြင်းခံစားနေရမှု ရှိ၊ မရှိကိုယ်တိုင် ဆန်းစစ်ကြည့်သင့်သည်။

**အိပ်ရာမှနိုးနိုးချင်း ရေများများသောက်ခြင်း**

အိပ်ရာမှနိုးနိုးချင်းရေသောက်ခြင်း၊ ကဖင်းဓာတ်လျှော့သောက်ခြင်း၊ ဖုန်းလျှော့ကြည့်ခြင်း၊ ဇက်ကြောကိုရေနွေးအိတ်ကပ်ခြင်း၊ နဖူးကိုရေအေးဖတ်တင်ခြင်း၊ ခေါင်းနှင့်ဇက်ကိုဖွဖွနှိပ်ပေးခြင်းတို့က ခေါင်းကိုက်ခြင်းကို သက်သာစေနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလွင်သန့်

# ဟင်္သာတမြို့နယ်၌ နေကြာမျိုးစေ့ချ စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

ဟင်္သာတ ဒီဇင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် တလုတ္တော်မြို့ အမှတ်(၂)ရပ်ကွက် ကွင်းအမှတ် (၁၂၆၇) ဦးပိုင်အမှတ်(၆၄/၁) တောင်သူဦးမောင်ရှင်၏ လယ်မြေသုံးဧက၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းဆီထွက်သီးနှံနေကြာ မျိုးစေ့ချစိုက်ပျိုးပွဲအခမ်းအနားကို ဒီဇင်ဘာလ ၁ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ဟင်္သာတခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမျိုးမြင့်က နေကြာအထွက်နှုန်းတိုးတက်စေရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် တောင်သူများ နေကြာစိုက်ပျိုးခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူဦးမောင်ရှင်၏ လယ်မြေ၌ ခရိုင်/မြို့နယ်အဆင့် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများစုပေါင်း၍ Super Sun 41 နေကြာမျိုးအားစုပေါင်းအစေ့ချစိုက်ပျိုးခြင်းများ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟင်္သာတမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ အတွင်းရေးမှူး ဦးစောဝင်းရွှေနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြကြောင်းသိရသည်။

ချမ်းမြေ့




## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင်အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းအား ဌာနအရောက်တန်ဖိုး (D.D.P)မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ | (1)Lot |

၂။ အိတ်ဖွင့်တင်ဒါများအား ၁၈-၁၂-၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး (၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန၊**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**
**၀၉-၉၆၄၉၃၄၅၇၆၊ ၀၉-၄၄၄၄၅၃၇၉၈**

## စာပေမြင့်မှ လူမျိုးတင့်မည်

### ပျောက်ဆုံးကြောင်း
မောင်ကျော်စိုး(ဘ)ဦးအိုက်ရိုး ၉/ပဥလ(နိုင်)၁၀၂၁၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
အာကာမင်းထက်(ဘ)ဦးကျော်စိန် ၁၂/အစန(နိုင်)၂၃၀၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သဲစုလှိုင်(ဘ)ဦးငွေသိန်း ၁၂/သလန(နိုင်)၁၆၀၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၁၉၂၈၉၄

### ပျောက်ဆုံးကြောင်း
လှမြင့်လေး(ဘ)ဦးအုန်းရွှေ ၁၂/လမန(နိုင်)၁၂၆၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၈၉၀၅၄၂၀

### ပျောက်ဆုံးကြောင်း
ဆွေတင်(ဘ)ဦးသောင်းတင် ၇/ပတတ(နိုင်)၀၆၇၂၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၀၂၁၅၀၀

### ပျောက်ဆုံးကြောင်း
မကုသလညာကီ(ဘ)ဦးမောင်သိန်း ၁၂/မရက(သီ)၀၁၃၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နော်လူစီးယား(ဘ)ဦးအောင်လင်း ၇/ကတခ(နိုင်)၂၀၆၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 612693)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အိမ်အမှတ်(၅၅၃)နေ ဦးနီလွင်ထွန်း(ဘ)ဦးလှ ၁၂/ဥကတ(နိုင်)၁၄၄၈၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၁၉၈၇၆၈၀

### ပျောက်ဆုံးကြောင်း
မကြယ်စင်လင်း(ဘ)ဦးဇော်ထွေး ၁၀/ရမန(နိုင်)၁၇၆၇၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၇၀၀၂၀၁၇

### ပျောက်ဆုံးကြောင်း
သန့်ဇင်ထွန်း(ဘ)ဦးအောင်သိန်း ၉/ညဥန(နိုင်)၁၈၆၈၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
မျိုးဇော်ဦး(ဘ)ဦးမောင်စိန် ၁၂/ဥကမ(နိုင်)၀၀၁၂၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကျော်ဇေယျ(ဘ)ဦးချစ်လှ ၈/မလန(နိုင်)၀၇၃၇၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 680288)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၀၁၀၉၃၅

### ပျောက်ဆုံးကြောင်း
ထောင်းနိုက်ထန်း(ဘ)ဦးသွညှာ ၅/ကလထ(နိုင်)၂၉၅၆၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
အုံးမြင့်(ဘ)ဦးလှမြင့် ၁၂/သဃက(နိုင်)၁၄၉၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၇၉၇၀၁၈

### ပျောက်ဆုံးကြောင်း
ဖြူဖြူသိမ့်(ဘ)ဦးမြင့်လွင် ၁၂/ထတပ(နိုင်)၀၉၈၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မိုးသူဇာအေး(ဘ)ဦးစံကျော် ၁၂/ဥကမ(နိုင်)၀၁၅၃၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကာယသုခအပြင်လမ်း၊ ၂/ကနေ ဝေဝေမာ(ဘ)ဦးဟန်စော ၁၂/မဂဒ(နိုင်)၀၈၇၉၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၇၇၈၃၂၃၆

### ပျောက်ဆုံးကြောင်း
ကောင်းခန့်ကို(ဘ)ဦးမောင်ဆွေ ၉/မကန(နိုင်)၁၁၇၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
ဦးကောင်းခန့်ကို(ဘ)ဦးခင်မောင်ထွေး ၉/မကန(နိုင်)၁၁၇၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
ကျော်ရဲအောင်(ဘ)ဦးကျော်ရွှေ ၉/ရမသ(နိုင်)၁၇၁၀၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 530999)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ထွန်းထွန်းဦး(ဘ)ဦးဘသန်း ၅/ခဥတ(နိုင်)၀၀၇၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၈၆၂၆၉

### ပျောက်ဆုံးကြောင်း
ဟိန်းဇေယျာကျော်(ဘ)ဦးမင်းဝေစိုး ၇/အတန(နိုင်)၁၇၂၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၄၈၉၇၄၉၂

### ပျောက်ဆုံးကြောင်း
ညိုထွေး(ဘ)ဦးမောင်ပေါ ၁၂/ဒဂရ(နိုင်)၀၁၇၂၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၃၅၅၅၁၅၁

### ပျောက်ဆုံးကြောင်း
စိုင်းညီညီအောင်(ဘ)ဦးအောင်ဇော်မြင့် ၇/ဒဥန(နိုင်)၂၄၀၂၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မျိုးခန့်ဦး(ဘ)ဦးချို ၈/ရစက(နိုင်)၂၂၀၉၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့နေ သန်းထိုက်(ဘ)ဦးစံငွေ ၇/ကတခ(နိုင်)၁၇၃၂၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မောင်သိန်းထွန်း(ဘ)ဦးကံပို ၁၃/လရန(နိုင်)၁၂၀၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 260522)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၂၀၄၁၀၄

### ပျောက်ဆုံးကြောင်း
အေးငြိမ်းသူ(ဘ)ဦးစန်းလွင် ၁၄/လပတ(နိုင်)၂၄၁၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 310304)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### မွေးသက္ကရာဇ်အမှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်၊ အ.ထ.က(ခွဲ)သာယာဝဲ၊ Grade-10 မှ အဘ ဦးမျိုးကျော်၏သမီး မဝတ်ရည်ကျော်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၂-၈-၂၀၀၉)ဖြစ်ပါကြောင်း။
(၁၂-၈-၂၀၀၉)

### ပျောက်ဆုံးကြောင်း
မထလျှန်အီး(ဘ)ဦးလျှင်နှောက် ၅/ကလထ(နိုင်)၂၀၅၃၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နန်းပန်းဖြူ(ဘ)စောချစ်ဝင်း ၃/ဘအန(နိုင်)၄၄၉၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 217921)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဦးဝိနယ(ဘ)ဦးဝင်းမြိုင် ၁၂/မဘန(နိုင်)၀၀၄၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၃၅၂၉၅၈

### ပျောက်ဆုံးကြောင်း
ဇင်ဖြိုးလှိုင်(ဘ)ဦးဝင်းအောင် ၅/ကလဝ(နိုင်)၀၅၃၁၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စောကပေါ်ထူး(ဘ)ဦးစောစီးလား ၁၂/တတန(နိုင်)၁၉၂၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 103951)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရေတာရှည်မြို့နေ သန်းနိုင်ဦး (ဘ) ဦးမြင့်နိုင် ၇/ရတရ(နိုင်)၁၇၉၂၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ
## လူမှုရေး/စီးပွားရေးကြော်ငြာများ
## (30 % Discount Off )

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

### တစ်ဦးတည်းဖြစ်ပါကြောင်း
တန့်ယန်းမြို့နယ်၊ မူလွန်မန်ယဉ်မှ မူလတန်းပြ ဒေါ်နန်းအောင်ဖွဲ(ခ)ဒေါ်ယောနှုန်း(ခ)ဒေါ်အေးနွံ ၁၃/မဖတ(နိုင်)၀၀၀၀၈၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်နန်းအောင်ဖွဲ(ခ)ဒေါ်ယောနှုန်း(ခ)ဒေါ်အေးနွံ**

### ပျောက်ဆုံးကြောင်း
ခင်သန္တာချို(ဘ)ဦးမြတ်ချို ၁၂/ဒပန(နိုင်)၀၄၇၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၂၉၆၆၂၆

### ပျောက်ဆုံးကြောင်း
နော်ခူးခူဆီး(ဘ)စောသာလဲဆီး ၁၄/ဒဒရ(နိုင်)၁၃၇၃၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၂၄၂၅၈၉

### ပျောက်ဆုံးကြောင်း
လက်ပံတန်းမြို့၊ မင်းရပ်ရပ်ကွက်နေ သန်းထိုက်စိုး(ဘ)ဦးမြင့်စိုး ၇/လပတ(နိုင်)၀၀၅၂၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၂၆၆၉၀၉

### ပျောက်ဆုံးကြောင်း
မိုးကုတ်မြို့နယ်၊ ရွှေကူ(၁၈)ရပ်ကွက်နေ မဇင်မာအေး(ဘ)ဦးမူကြီးစ(ခ)ဦးဝဏ္ဏ ၉/မကန(နိုင်)၁၅၇၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 265306)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
ညိုမင်းထွေး(ဘ)ဦးရွှေညို ၇/ဖမန(နိုင်)၁၃၅၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၄၁၀၁၇၈

### ပျောက်ဆုံးကြောင်း
ဂျနီဖာ(ခ)သန္တာအောင်(ဘ)ဦးအီးဂျားဗစ် ၁၂/တမန(နိုင်)၀၇၇၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၅၃၁၁၆၉၉

### ပျောက်ဆုံးကြောင်း
ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၃)ရပ်ကွက်၊ ရဲစိုက်ခင်းလမ်းနေ မကျော့အိအိထွန်း(ဘ)ဦးဇော်မျိုးထွန်း ၃/မဝတ(နိုင်)၀၈၆၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၄၂၆၃၇၂၂၈

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

### ပျောက်ဆုံးကြောင်း
စောပယ်(ဘ)ဦးကော်အုန်း ၃/ကကရ(နိုင်)၂၅၄၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 357656)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇


THE BEST QUALITY TYRE
နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
Myanmar MOBILE MONEY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၁၊ ၀၉ ၇၉၆၁၁၁၅၅၉၉၊ email : scfg.kyaukse@gmail.com

# ရုရှားလွှတ်တော်က ရုရှားနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ကြား စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကို အတည်ပြု



**မော်စကို၊ စစ်ရေး**

ရုရှားလွှတ်တော်က ရုရှားနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ကြား စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်ကို အတည်ပြုလိုက်ကြောင်းသိရသည်။ ယခုသီတင်းပတ်နှောင်းပိုင်းတွင် ရုရှားသမ္မတဗလာဒီမာပူတင်က အိန္ဒိယနိုင်ငံသို့ချစ်ကြည်ရေးခရီးမသွားမီ အဆိုပါသဘောတူညီချက်ကို အတည်ပြုလိုက်ခြင်းဖြစ်သည်။

ရုရှားသမ္မတဗလာဒီမာပူတင်အနေဖြင့် ဒီဇင်ဘာလ ၄ ရက်နှင့် ၅ ရက်တို့တွင် အိန္ဒိယနိုင်ငံသို့ ၁၀ ကြိမ်မြောက် ချစ်ကြည်ရေးခရီးသွားမည်ဖြစ်ပြီး ထိုခရီးစဉ်မတိုင်မီ ဒီဇင်ဘာလ ၂ ရက်တွင် လွှတ်တော်က ယခုသဘောတူညီချက်ကို အတည်ပြုလိုက်ခြင်းဖြစ်သည်။

နှစ်နိုင်ငံစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်အရ နှစ်နိုင်ငံတပ်မတော်များသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကိုလုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် ယင်းသဘောတူညီချက်အရ တစ်နိုင်ငံ၏မြေပေါ်တွင် တစ်နိုင်ငံက စစ်လက်နက်ပစ္စည်းများ၊ တပ်ဖွဲ့ဝင်များကို တရားဝင်ဖြန့်ကြက်သွားနိုင်မည်ဖြစ်သည်။

ယခုခရီးစဉ်သည် ပူတင်အတွက် ၂၀၂၁ ခုနှစ်နောက်ပိုင်း ပထမဆုံးသော တောင်အာရှနိုင်ငံသို့ခရီးစဉ်ဖြစ်ပြီး ထိုခရီးစဉ်၌ နှစ်နိုင်ငံကြား နယ်ပယ်စုံပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

**Ref: RT**

# ဂျပန်က ကုလသမဂ္ဂသို့ ပေးပို့သည့်စာတွင် လိမ်ညာမှုများနှင့် ပြည့်နှက်နေသည်ဟု တရုတ်ပြော

**ပေကျင်း၊ နိုင်ငံရေး**

ဂျပန်နိုင်ငံက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတားရက်ထံသို့ပေးပို့ခဲ့သောစာတွင် မှားယွင်းသောအမြင်များ၊ လိမ်ညာမှုများနှင့်ပြည့်နှက်နေသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူလင်ကျန်းက ဒီဇင်ဘာလ ၂ ရက်တွင်ပြောသည်။

အဆိုပါစာတွင် ထိုင်ဝမ်ကျွန်းပြဿနာနှင့်ပတ်သက်၍ ဂျပန်နိုင်ငံက မပြောင်းလဲသည့်ရပ်တည်ချက်အတိုင်း ရှိနေမည်ဟု ပြောထားကြောင်း၊ သို့သော် ယင်းသို့ပြောဆိုချက်သည် ဝေ့လည်ကြောင်ပတ်လုပ်နေခြင်းဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံကိုပင် တိုက်ရိုက်အဖြေပေးထားခြင်းမရှိကြောင်း လင်ကျန်းက ပုံမှန်သတင်းစာရှင်းလင်းပွဲ၌ပြောသည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ၏ ဒုတိယကမ္ဘာစစ်နောက်ပိုင်း စစ်ဝါဒီစနစ်ပြန်လည်အားကောင်းလာစေရန်လုပ်ဆောင်မှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း လင်ကျန်းကပြောထားသည်ဟု သိရသည်။

**Ref: Xinhua**

# အင်ဒိုနီးရှားနိုင်ငံ၌ ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် သေဆုံးသူ ၇၁၂ ဦးရှိ

**ဂျကာတာ၊ သဘာဝဘေး**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းရှိ ပြည်နယ်သုံးခုတွင်ဖြစ်ပွားသော ရေကြီးမှုများနှင့် မြေပြိုမှုများကြောင့် ဒီဇင်ဘာလ ၂ ရက်တွင် သေဆုံးသူ ၇၁၂ ဦးအထိရှိလာပြီဖြစ်ကြောင်းနှင့် ပျောက်ဆုံးသူ ၅၀၇ ဦးရှိကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက ထုတ်ပြန်ထားသည်။

ထို့ပြင် မြောက်ဆူမားတြားပြည်နယ်၊ အနောက်ဆူမားတြားပြည်နယ်နှင့် အာချေးပြည်နယ်တို့တွင် အဆိုပါသဘာဝဘေးများကြောင့် နေရပ်စွန့်ခွာနေထိုင်ရသူ ၁ ဒသမ ၁ သန်းရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အလားတူရေကြီးမှုများက လမ်းများနှင့် တံတားများကိုဖျက်ဆီးသွားသည့်အတွက် ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ဝေးလံသောနေရာများရှိ ကျေးရွာများသို့ရောက်ရှိရန် အခက်အခဲရှိနေကြောင်း၊ ကယ်ဆယ်ရေးအတွက် ရဟတ်ယာဉ်များနှင့်လှေများကိုအသုံးပြုသော်လည်း ဆိုးရွားသောရာသီဥတုအခြေအနေကြောင့် ကယ်ဆယ်ရေးလုပ်ငန်းနှောင့်နှေးနေရကြောင်းသိရသည်။

**Ref: Xinhua**

# ဗုံးခြိမ်းခြောက်မှုကြောင့် IndiGo လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ရ

**နယူးဒေလီ၊ ပြည်တွင်းရေး**

ကူဝိတ်နိုင်ငံမှ အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့သို့ပျံသန်းလာသော IndiGo လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ဗုံးခြိမ်းခြောက်မှုတစ်ခုကြောင့် အရေးပေါ်ဆင်းသက်မှုလုပ်ခဲ့ရကြောင်း သိရသည်။

အဆိုပါလေယာဉ်တွင် လူသားဗုံးတစ်လုံးပါဝင်သည်ဟု တာဝန်ရှိသူများထံသို့ သတင်းပေးပို့လာမှုကြောင့် ယင်းလေယာဉ်သည် ဒီဇင်ဘာလ ၂ ရက်တွင် လမ်းကြောင်းပြောင်းလဲပြီး မွမ်ဘိုင်းမြို့သို့ဆင်းသက်ရခြင်းဖြစ်သည်။

ထို့နောက် လေဆိပ်သို့ရောက်သည့်အခါ တာဝန်ရှိသူများက စစ်ဆေးမှုများလုပ်ရာ အဆိုပါဗုံးခြိမ်းခြောက်မှုသည် လိမ်ညာမှုသာဖြစ်ကြောင်းတွေ့ရှိလိုက်ရသည်။ ပြီးခဲ့သည့်နှစ်အတွင်း အိန္ဒိယနိုင်ငံ၌ လိမ်ညာပြီး ဗုံးခြိမ်းခြောက်မှုအကြိမ်ရေ ၉၉၉ ကြိမ်ရှိကြောင်းသိရသည်။

**Ref: Xinhua**

# ကွန်ဂိုနိုင်ငံရှိ ကာဆိုင်းပြည်နယ်၌ အီဘိုလာရောဂါကူးစက်မှုကင်းစင်ကြောင်းကြေညာ



**ကင်ရှာဆာ၊ ကျန်းမာရေး**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ရှိသော ကာဆိုင်းပြည်နယ်၌အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုကင်းစင်သွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒီဇင်ဘာလ ၁ ရက်တွင်ထုတ်ပြန်ထားသည်။

ကွန်ဂိုနိုင်ငံ ကာဆိုင်းပြည်နယ်၌ အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုအတွင်း နောက်ဆုံးရောဂါကူးစက်ခံရသူက ဆေးရုံဆင်းသွားပြီးနောက် ၄၂ ရက်ကြာသည်အထိ ရောဂါပိုးကူးစက်ပျံ့နှံ့မှုမရှိသည့်အတွက် ထိုရောဂါကူးစက်မှု ကင်းစင်ကြောင်းကြေညာခြင်းဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကွန်ဂိုနိုင်ငံ၌ ၁၉၇၆ ခုနှစ်တွင် အီဘိုလာရောဂါစတင်ဖြစ်ပွားခြင်းဖြစ်သည်။ ယခုနှစ်စက်တင်ဘာလတွင် ဘူလာပီမြို့၌ အဆိုပါရောဂါဖြစ်ပွားမှုကိုပြန်လည်တွေ့ရှိခြင်းဖြစ်ပြီး ယင်းသို့တွေ့ရှိမှုသည် ကွန်ဂိုနိုင်ငံအတွက် ၁၆ ကြိမ်မြောက် ရောဂါဖြစ်ပွားမှုဖြစ်သည်။

ယခုဖြစ်ပွားသည့် အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုအတွင်း ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၄ ဦးရှိကြောင်း၊ အတည်ပြုနိုင်သူ ၅၃ ဦးနှင့် ရောဂါကူးစက်ထားနိုင်ခြေရှိသူ ၁၁ ဦးဖြစ်ကြောင်း၊ ၎င်းတို့အနက် သေဆုံးသူ ၄၅ ဦးရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

**Ref: RT**

# မြောက်ကိုရီးယားနှင့်ဆက်သွယ်ရေးလိုင်းများ ပြန်ဖွင့်နိုင်ရေး တောင်ကိုရီးယားကမ်းလှမ်း

**ဆိုး၊ ချစ်ကြည်ရေး**

တောင်ကိုရီးယားသမ္မတလီဂျေးမြောင်သည် မြောက်ကိုရီးယားနိုင်ငံနှင့်ချိတ်ဆက်ထားသည့် ဆက်သွယ်ရေးလိုင်းများပြန်ဖွင့်နိုင်ရေးအတွက် ဒီဇင်ဘာလ ၂ ရက်တွင် ကမ်းလှမ်းလိုက်ကြောင်းသိရသည်။



တောင်ကိုရီးယားသမ္မတသည် နိုင်ငံ၏ ၂၂ ကြိမ်မြောက် ငြိမ်းချမ်းစွာပေါင်းစည်းရေးအတိုင်ပင်ခံကောင်စီကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနား၌ ယခုကဲ့သို့ပြောလိုက်ခြင်းဖြစ်သည်။ အဆိုပါကောင်စီသည် မြောက်ကိုရီးယားနှင့်ပေါင်းစည်းနိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ သမ္မတကိုအကြံဉာဏ်ပေးသည့်အဖွဲ့ဖြစ်သည်။ ထို့ပြင် ရပ်ဆိုင်းထားသည်မှာ ခုနစ်နှစ်ကြာမြင့်နေပြီဖြစ်သည့် ကိုရီးယားနှစ်နိုင်ငံကြား ဆွေးနွေးပွဲကိုပြန်လည်စတင်ရန် တိုက်တွန်းထားပြီး ယင်းဆွေးနွေးပွဲသည် ကိုရီးယားနှစ်နိုင်ငံကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် စမှတ်ဖြစ်လာမည်ဟု ကောင်စီက အလေးပေးပြောထားသည်။

အလားတူ နှစ်နိုင်ငံကြား စစ်ဘက်ဆိုင်ရာမတော်တဆဖြစ်စဉ်များကို တားဆီးနိုင်ရန်၊ ကိုရီးယားကျွန်းဆွယ်နှစ်ပိုင်းကွဲမှုကြောင့် စိတ်ထိခိုက်ခံစားရသူများကို ဖြေသိမ့်ပေးနိုင်ရန်နှင့် ရပ်ဆိုင်းထားသည့်ကိစ္စရပ်များစွာကိုဆွေးနွေးရန် ဆွေးနွေးမှုများကို စတင်လုပ်ဆောင်သင့်သည်ဟု တောင်ကိုရီးယားသမ္မတက ပြောထားကြောင်း သိရသည်။

**Ref: Xinhua**



# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ညောင်ဦးမြို့နယ်၊ ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်-တောင်ဇင်း ဘူတာအကြား တံတားအမှတ် ၁၅၇ အနီး ရထားသံလမ်းပျက်စီးမှုဖြစ်ပွား


အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့်တောင်ဇင်းဘူတာအကြား (မိုင်တိုင်အမှတ် ၃၈၁/၁၅-၁၆)ရှိ ပေ ၂၀ အရှည် သံပေါင်တံတားပေါ်၌ ရထားသံလမ်းပျက်စီးမှုအခြေအနေကိုတွေ့ရစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးမြို့နယ်၊ ပုဂံ-ကျောက်ပန်းတောင်းလမ်းပိုင်းအတွင်း စုတည်ဘူတာနှင့်တောင်ဇင်းဘူတာအကြား သံလမ်းပြေးယာဉ် RGC 103 ဖြင့် ရထားလမ်းပိုင်းအား ယနေ့နံနက် ၈ နာရီ ၅၀ မိနစ်ခန့်တွင် သွားရောက်စစ်ဆေးစဉ် မိုင်တိုင် ၃၈၁/၁၅-၁၆ ကြား ပေ ၂၀ အရှည်ရှိသံပေါင်တံတားအမှတ် ၁၅၇ အနီးတွင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရထားသံလမ်းအရှေ့ဘက်ခြမ်း သံလမ်းဖိနပ် ၁ ပေခန့် ပွဲထွက်ပျက်စီးခြင်းနှင့် ဇလီဖား(၃)တုံး ကျိုးပဲ့နေကြောင်းတွေ့ရှိရသဖြင့် စုတည်-တောင်ဇင်းရထားလမ်းပိုင်းအား နံနက် ၁၀ နာရီ ၁၆ မိနစ်ခန့်တွင် ယာယီပိတ်ထားခဲ့ကြောင်း သိရှိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားရာ ရထားလမ်းနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် နယ်မြေရှင်းလင်း စစ်ဆေးဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအားအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်သံလမ်းအားဖြတ်တောက်လဲလှယ်၍ အစားထိုးတပ်ဆင်ခြင်း၊ လမ်းပြုပြင်ခြင်းများကို အမြန်ဆုံးပြုပြင်ဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၅၁ မိနစ်ခန့်တွင် လမ်းပိုင်းအား ပြန်လည် ဖွင့်လှစ်သည်။ မိုင်းပေါက်ကွဲမှုကြောင့် ရထားကြန့်ကြာမှုမရှိပါကြောင်းနှင့် လမ်းပိုင်းအတွင်း အပတ်စဉ်ပြေးဆွဲလျက်ရှိသည့် ရန်ကုန်-ပုဂံ အမှတ်(၆၁)အဆန် လူစီးရထားနှင့် အမှတ်(၆၂)အစုန် ပုဂံ-ရန်ကုန် လူစီးရထားများ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့်တောင်ဇင်း ဘူတာအကြား(မိုင်တိုင်အမှတ် ၃၈၁/၁၅-၁၆)ရှိ တံတားအမှတ် ၁၅၇ အပေါ်ရှိ ရထားသံလမ်း ပြုပြင်နေမှုကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့်တောင်ဇင်း ဘူတာအကြား(မိုင်တိုင်အမှတ် ၃၈၁/၁၅-၁၆)ရှိ တံတားအမှတ် ၁၅၇ သံပေါင်ထိခိုက်ပျက်စီးမှုအခြေအနေကိုတွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပုဂံ-ကျောက်ပန်းတောင်းရထားလမ်းပိုင်းအတွင်း စုတည်နှင့်တောင်ဇင်း ဘူတာအကြား(မိုင်တိုင်အမှတ် ၃၈၁/၁၅-၁၆)ရှိ တံတားအမှတ် ၁၅၇ အပေါ်ရှိ ရထားသံလမ်း ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယခု အချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေ အတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၈၃)ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်း(၁၇၉)ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၆)ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက်ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့်ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြည်ကြီးတံခွန်မြို့နယ်တွင် တန်ဖိုးငွေကျပ်သိန်း ၄၇၈၀ တန်ဖိုးနှင့်မိုင်းပျဉ်းမြို့နယ်တွင် တန်ဖိုးငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂

ပြည်ကြီးတံခွန်မြို့နယ်တွင် တန်ဖိုးငွေကျပ်သိန်း ၄၇၈၀ တန်ဖိုးနှင့် မိုင်းပျဉ်းမြို့နယ်တွင်တန်ဖိုးငွေကျပ်သိန်း ၄၀၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာလ ၁ ရက်မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၆၂ လမ်းနှင့် ၁၁၆ လမ်းထောင့်တွင် ရဲပြည့်စုံအောင်(၂၇)နှစ်၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်နေသူ မောင်းနှင်ပြီး ရဲမင်းအောင်(၃၄)နှစ်၊ CL-1 Star City အိမ်ရာ၊ သန်လျင်မြို့နယ်နေသူ လိုက်ပါလာသော YGN-36 2L-xxxx TOYOTA MARK II အမျိုးအစား မော်တော်ယာဉ်အားရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ၎င်းတို့ ၂ ဦး သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါးများဖြစ်သည့်ကက်တမင်း သုည ဒသမ ၀၁ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄ သိန်း)နှင့် HAPPY WATER ၃ ဒသမ ၉၈ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၇၇၆ သိန်း) တို့အား ဖမ်းဆီးရမိသဖြင့် ရဲမင်းအောင်နှင့် ရဲပြည့်စုံအောင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့ပြင် ဒီဇင်ဘာလ ၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မိုင်းပျဉ်းမြို့နယ်၊ တုံတာမြို့၊ ရပ်ကွက်(၄) အနီးတွင် အိုက်ငို့ (၃၃)နှစ်၊ နမ့်မွဲကျေးရွာ၊ နမ့်ရှိကျေးရွာအုပ်စု၊ မိုင်းပျဉ်းမြို့နယ်နေသူ မောင်းနှင်ပြီး ဂျက်လီ(ခ)ယာဖို၊ တိလွယ်ကျေးရွာ၊နောင်ကွဲကျေးရွာအုပ်စု၊ မိုင်းပျဉ်းမြို့နယ်နေသူ လိုက်ပါလာသော ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀) ဖမ်းဆီးရမိသဖြင့် အိုက်ငို့နှင့် ဂျက်လီ(ခ)ယာဖို တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ မြဝတီ



တရားခံ ရဲမင်းအောင်နှင့် ရဲပြည့်စုံအောင်တို့အား ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ မြို့မမြောက်ရပ်ကွက်နေ ကျော်ဝင်းနိုင် (၄၆)နှစ်သည် ၎င်းအသုံးပြုသည့် “Kyaw Win Naing” Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာပေါ်၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားလှုံ့ဆော်ခဲ့ကြောင်း ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ၎င်းအား နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရေနံချောင်းမြို့မရဲစခန်း (ပ)၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂၇ ရက်နေ့ ည ၁၀ နာရီ ၄၀ မိနစ်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆိပ်ကြီးဦးမြငါးစင်ရပ်ကွက်၊ ဦးမြအပိုင် ဖွံ့ဖြိုးရေးလမ်းနှင့် ကွက်သစ်လမ်းဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါဆိုင်းဘုတ်အား ဖျက်ဆီးသွားသူ အဆိုပါရပ်ကွက်နေ သိသာဆို(၃၀)နှစ်အား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား နိုဝင်ဘာလ ၂၈ ရက်နေ့တွင် စက်ဆန်းနယ်မြေရဲစခန်း (ပ)၁၃၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂၈ ရက်နေ့တွင် သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာနေ ခိုင်စိုး (၅၈)နှစ်သည် ၎င်းအသုံးပြုသည့် “Khaing Soe” Facebook Account ဖြင့် Messenger တွင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ပျက်ပြားစေရန်နှင့် အများပြည်သူအထင်အမြင်လွဲမှားစေရန် စာသားများရေးသားပြောဆိုထားသည်ကို ဖော်ထုတ်ဖမ်းဆီးရမိသဖြင့် ၎င်းအား နိုဝင်ဘာလ ၂၈ ရက်နေ့တွင်သန်လျင်မြို့မရဲစခန်း (ပ)၄၃၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာလ ၂၀ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ တောင်မင်းတည်းရပ်ကွက်နေ အခြေခံပညာအလယ်တန်းကျောင်း(ပိသလိမ်း)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုအေး၏လက်ကိုင်ဖုန်းသို့ ဖုန်းအမှတ် ၀၉ ၆၇၃၅၆၂၀၇၈ နံပါတ်ဖြင့် “ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆရာမကြီးကျောင်းက မဲရုံတာဝန်ရှိသူများကိုပါ ကြိုတင်သတိပေးတာပါ”ဟု ခြိမ်းခြောက်စာပေးပို့ခဲ့သဖြင့် အဆိုပါခြိမ်းခြောက်စာရေးသားပေးပို့ခဲ့သူ (စိစစ်ဆဲ)အား နိုဝင်ဘာလ ၂၉ ရက်နေ့တွင် သရက်မြို့မရဲစခန်း(ပ)၈၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း။

ထို့အတူ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း(သိမ်ဇရပ်)မှ ဆရာမ ၉ ဦးသည် ကျိုက်ထိုမြို့၌ ဘာသာရပ်ဆိုင်ရာ စွမ်းရည်မြင့်သင်တန်း တက်ရောက်ရန် မော်တော်ယာဉ်ဖြင့်သွားစဉ် ကျိုက်ထိုမြို့နယ်၊ ကမ်းနီကျေးရွာ တိုးဂိတ်အနီး အရောက်၌ သံချောင်း ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်သမားများက မော်တော်ယာဉ်အားတားဆီးကာ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဆရာမများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းမပြုလုပ်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် သံချောင်း ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်သမားများအား နိုဝင်ဘာလ ၂၅ ရက်နေ့တွင် သိမ်ဇရပ်နယ်မြေရဲစခန်း (ပ)၁၅၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ရေလဲကျေးရွာအုပ်စုနှင့် နတ်သံကွင်းကျေးရွာအုပ်စုတို့မှ ကျေးရွာတာဝန်ခံများအား တင်ဆန်းဦး ဦးဆောင်သည့်PDFအမည်ခံ အကြမ်းဖက်အုပ်စုနှင့် KNLA အကြမ်းဖက်သမားပူးပေါင်းအဖွဲ့က ရင်းတိုက်ကုန်းကျေးရွာသို့ခေါ်ဆောင်ကာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပါဝင်ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆန္ဒမဲပေးခြင်းမပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် တင်ဆန်းဦး ဦးဆောင်သည့် PDF အမည်ခံအကြမ်းဖက်အုပ်စုနှင့် KNLA အကြမ်းဖက်သမား ပူးပေါင်းအဖွဲ့အား နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကျောက်ကြီးမြို့မရဲစခန်း (ပ)၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာမြင့်၏လက်ကိုင်ဖုန်းသို့ ဖုန်းအမှတ် ၀၉ ၂၅၁၈၈၈၆၂၂ ဖြင့် “ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်ခြင်းမပြုရန်နှင့် သတိနဲ့နေပါ”ဟု ခြိမ်းခြောက်ခဲ့သဖြင့် ထိုသို့ခြိမ်းခြောက်ပြောဆိုခဲ့သူ(စိစစ်ဆဲ)အား နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဟားခါးမြို့မရဲစခန်း (ပ)၅၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်နှင့် ရမ်ပူရပ်ကွက်အဝင်လမ်းဆုံထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာလ ၂၆ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်မြေရဲစခန်း (ပ)၂၂၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ ရေချိုကုန်းကျေးရွာ ရာအိမ်မှူး ဦးမြင့်စိုး၏ နေအိမ်ခြံဝင်းအတွင်းသို့ “ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရန်ခြိမ်းခြောက်ရေးသားထားသည့်” ခြိမ်းခြောက်စာတစ်စောင် လာရောက်ပစ်ချသွားခဲ့သဖြင့် အဆိုပါခြိမ်းခြောက်စာ ပစ်ချခဲ့သူ(စိစစ်ဆဲ)အား နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကန်ဘက်နယ်မြေရဲစခန်း(ပ)၅၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဇာသပြင်-ကျားကလေးသွားကားလမ်းနှင့် ခရားအတွင်းကျေးရွာ ရွာအဝင်လမ်းဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးခဲ့သူ (စိစစ်ဆဲ)အား နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဇာသပြင်နယ်မြေရဲစခန်း (ပ)၂၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ ၁၂၁ လမ်းနှင့် ၆၀ လမ်းထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား နိုဝင်ဘာလ ၂၆ ရက်တွင် ပြည်ကြီးတံခွန်မြို့မရဲစခန်း (ပ)၂၂၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငွေဆောင်မြို့၊ အမှတ်(၂) ရပ်ကွက်၊ မြို့ပတ်လမ်းနှင့် ထန်းတောင်လမ်းဆုံထောင့်၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး ဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ငွေဆောင်နယ်မြေရဲစခန်း (ပ)၃၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၂၉ ရက်နေ့ ညနေ ၃ နာရီအချိန်တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အေးကျွန်းကျေးရွာနေ ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေလင်းထက် (၃၇)နှစ်သည် နေအိမ်၌ မိသားစုနှင့်အတူရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားသုံးဦး(စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး ဦးဝေလင်းထက်အားဖမ်းဆီးခေါ်ဆောင်သွားခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဖမ်းဆီးသွားသည့် PDF အမည်ခံအကြမ်းဖက်သမားသုံးဦး(စိစစ်ဆဲ)အား နိုဝင်ဘာလ ၂၉ ရက်နေ့တွင်ပခုက္ကူမြို့မရဲစခန်း (ပ)၁၇၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့် လည်းကောင်း။

အလားတူ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကတ္တလူကျေးရွာ လမ်းလေးဆုံ၌ စိုက်ထူထားသည့် ပြည်ခိုင်ဖြိုးပါတီလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးဗီနိုင်းဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကိုတွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျွန်းစုမြို့မရဲစခန်း (ပ)၄၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၃-၁၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၀ | ၂၆၀၅ | ၂၅၇၀ | ၂၅၀၅ | ၂၆၁၀ | ၂၆၂၅ | ၂၆၄၅ | ၂၅၆၀ | ၄၅၀၅ | ၂၈၅၅ | ၂၅၈၀ | ၂၇၂၅ | ၂၆၅၀ | ၂၆၁၅ | ၂၆၃၅ | ၂၈၉၅ |
| 95 Ron | ၂၅၇၀ | ၂၆၈၅ | ၂၆၅၀ | ၂၅၈၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၂၀ | ၂၆၄၀ | ၄၅၆၀ | ၂၉၃၅ | ၂၆၅၅ | ၂၈၁၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၁၅ | ၂၉၇၀ |
| HSD (500 ppm) | ၂၅၁၅ | ၂၆၃၀ | ၂၅၉၅ | ၂၅၃၀ | ၂၆၃၅ | ၂၆၅၀ | ၂၆၆၅ | ၂၅၈၅ | - | ၂၈၈၀ | ၂၆၀၅ | ၃၀၀၀ | ၂၆၇၅ | ၂၆၄၀ | ၂၆၆၀ | ၂၉၂၀ |
| HSD (50 ppm) | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၀ | ၄၈၃၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၆၅ | ၃၁၉၀ | ၃၁၅၅ | ၃၁၇၅ | ၃၄၃၅ |
| HSD (10 ppm) | ၃၀၃၀ | ၃၁၄၅ | ၃၁၁၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၀ | - | ၃၃၉၅ | ၃၁၂၀ | ၃၁၆၅ | ၃၁၉၀ | ၃၁၅၅ | ၃၁၇၅ | ၃၄၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၃၅ | ၂၄၁၅ |
| 95 Ron | ၂၄၁၁ | ၂၄၉၂ |
| HSD (500 ppm) | ၂၃၅၉ | ၂၄၃၉ |
| HSD (50 ppm) | ၂၈၅၈ | ၂၉၄၄ |
| HSD (10 ppm) | ၂၈၅၈ | ၂၉၄၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကိုဦးဆောင်အုပ်ချုပ်နေသူများတွင်လည်းတာဝန်ရှိ . . .

❖ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ် . . .

( နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ပြုလုပ်သော အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့၊ စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့၊ စစ်မှုထမ်းဟောင်းအိမ်ရာတွင်နေထိုင်ကြသည့် စစ်မှုထမ်းဟောင်းများ၊ မိသားစုဝင်များအားရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့၊ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရှင်းလင်းဆောင်ခန်းမ၌ စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့်တာဝန်ရှိသူများက ဘဏ္ဍာရေးနှစ်အလိုက် စစ်မှုထမ်းဟောင်းအိမ်ရာအဆောက်အအုံများ တိုးချဲ့တည်ဆောက်လျက်ရှိမှု၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား နေရာချထားပေးလျက်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ❐**

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်မည့်မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းထိုင်းနိုင်ငံသို့ ထွက်ခွာ

စာ - ၈ သို့

## KK Park နယ်မြေအတွင်းရှိအွန်လိုင်းလိမ်လည်မှုနှင့်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၅ လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိတရားမဝင်အဆောက်အအုံ ၂၀ လုံး ထပ်မံချိပ်ပိတ်သိမ်းဆည်း

စာ - ၂၂ သို့